မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၁၀ ] ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက် ( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် ) } သောကြာနေ့ [ အတွဲ ၆၉

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၆**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် )

**သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်နေ့) တွင် နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် **"သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီ"** တို့ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်ပါသည်-

(က) **နာယကအဖွဲ့**

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ (၁) | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၁)<br>ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၄) | အဖွဲ့ဝင် |
| (၅) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ခ) **ဦးစီးကော်မတီ**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |

| | | |
|---|---|---|
| (၂) | တိုင်းမှူး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၃) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး<br>ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဒုတိယဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒုတိယဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ဒုတိယဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ဒုတိယဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၆) | ဦးသန်းဌေး<br>ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၁၇) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| (၁၈) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | အဖွဲ့ဝင် |
| (၁၉) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၂၀) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(၂၁) အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
သာသနာရေးဝန်ကြီးဌာန

၂။ ဦးစီးကော်မတီသည် လုပ်ငန်းများစနစ်တကျအောင်မြင်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သည့် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းသွားရန်ဖြစ်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၆**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|
| (က) ဒေါက်တာဒေါ်ခင်နိုင်ဦး | ပါမောက္ခချုပ်<br>ရန်ကုန်စီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ခ) ဒေါက်တာကျော်ကျော်ခေါင် | ပါမောက္ခချုပ်<br>ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) ဒေါက်တာဒေါ်စီစီလှဘူး | ပါမောက္ခချုပ်<br>မြိတ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဃ) ဒေါက်တာစောပြုံးနိုင် | ပါမောက္ခချုပ်<br>စစ်ကိုင်းပညာရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (င) ဒေါက်တာသန်းဝင်း | ပါမောက္ခချုပ်<br>ကလေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

| အမည် | | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (စ) | ဒေါက်တာအောင်ဝင်းကြည် | ပါမောက္ခချုပ်<br>လှိုင်ကော်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဆ) | ဒေါက်တာကြည်ရွှင် | ပါမောက္ခချုပ်<br>ဗန်းမော်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဇ) | ဒေါက်တာဇော်မြင့် | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာစာနှင့် ဘာသာစကားပညာရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဈ) | ဦးထွန်းသန်း | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဖူလုံရေးအဖွဲ့<br>အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန |
| (ည) | ဒေါ်အေးအေးကြည်သက် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဒေါက်တာစိုးနိုင်အား ယင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၂/၂၀၁၆**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် )

**ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်း**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်ငြိမ်းချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့အတွက်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ ၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက် (ခရစ်နှစ် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၁) ရက်နေ့ မတိုင်မီ သေဒဏ် ပြစ်ဒဏ်ချမှတ်ခံရပြီးပါက ယင်းကဲ့သို့ကျခံနေရသော သေဒဏ်ပြစ်ဒဏ်ကို ထောင်တစ်သက်ပြစ်ဒဏ် (နှစ်အကန့်အသတ်မရှိ) သို့ ပြောင်းလဲကျခံစေရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (က) အရ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၁၆**

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် )

**ဥပဒေဘာသာပြန်ကော်မရှင် ဖွဲ့စည်းခြင်း**

၁။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၄ အရ **"ဥပဒေဘာသာပြန်ကော်မရှင်"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဥက္ကဋ္ဌ |
| (ခ) | ဦးဘတင့်<br>ညွှန်ကြားရေးမှူး (အငြိမ်းစား)<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဂ) | ဦးပေါ်ခိုင်သန်း<br>ညွှန်ကြားရေးမှူး (အငြိမ်းစား)<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဃ) | ဦးဝင်းမြင့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (င) | ဦးအလုံးမောင်<br>ဒုတိယညွှန်ကြားရေးမှူး (အငြိမ်းစား)<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (စ) | ဦးဖေခင်<br>ခရိုင်ဥပဒေအရာရှိ (အငြိမ်းစား)<br>တရားလွှတ်တော်ရှေ့နေ | အဖွဲ့ဝင် |
| (ဆ) | ဒေါ်မြရီ<br>ဒုတိယညွှန်ကြားရေးမှူး (အငြိမ်းစား)<br>တရားလွှတ်တော်ရှေ့နေ | အဖွဲ့ဝင် |
| (ဇ) | ဦးအောင်ခိုင်<br>ဒုတိယညွှန်ကြားရေးမှူး (အငြိမ်းစား)<br>တရားလွှတ်တော်ရှေ့နေ | အဖွဲ့ဝင် |
| (ဈ) | ဒေါ်ခင်လေးမြင့်<br>ပါမောက္ခ (အငြိမ်းစား)<br>အင်္ဂလိပ်စာဌာန | အဖွဲ့ဝင် |
| (ည) | ဒေါ်ခင်အေးကြည်<br>ပါမောက္ခ (အငြိမ်းစား)<br>အင်္ဂလိပ်စာဌာန | အဖွဲ့ဝင် |
| (ဋ) | ဦးသီဟ<br>ပါမောက္ခ (အငြိမ်းစား)<br>အင်္ဂလိပ်စာဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| ( ၄ ) | ဒေါ်ရင်ရင်မြင့်<br>ပါမောက္ခ (အငြိမ်းစား)<br>ဥပဒေပညာဌာန | အဖွဲ့ဝင် |
| ( ၃ ) | ဒေါ်ခင်ဖုန်းမြင့်ကြူ<br>ပါမောက္ခ<br>ဥပဒေပညာဌာန | အဖွဲ့ဝင် |
| ( ပ ) | ဒေါက်တာယဉ်ယဉ်ဝင်း<br>တွဲဖက်ပါမောက္ခ<br>ဥပဒေပညာဌာန | အဖွဲ့ဝင် |
| ( ဏ ) | ဒေါက်တာခင်အေး<br>ပါမောက္ခ (အငြိမ်းစား)<br>မြန်မာစာဌာန | အဖွဲ့ဝင် |
| ( တ ) | ဒေါက်တာသိန်းနိုင်<br>ပါမောက္ခ (အငြိမ်းစား)<br>မြန်မာစာဌာန | အဖွဲ့ဝင် |
| ( ထ ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အတွင်းရေးမှူး |
| ( ဒ ) | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | တွဲဖက်အတွင်းရေးမှူး |

၂။ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ဥပဒေပုဒ်မ ၁၅ အရ ကျခံရမည့် ကော်မရှင်နှင့် ကော်မရှင်၏ ကုန်ကျစရိတ်များကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ ခွင့်ပြုရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၆**

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက် )

**အမျိုးသားကျန်းမာရေးကော်မတီတွင် တွဲဖက်အတွင်းရေးမှူး ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၇/၂၀၁၄ ဖြင့် ဖွဲ့စည်းခဲ့သော **"အမျိုးသားကျန်းမာရေးကော်မတီ"** တွင် တွဲဖက်အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန **အစား** တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၆)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် )

**အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၅ အရ အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူး<br>ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဥက္ကဋ္ဌ<br>ရုပ်မြင်သံကြားနှင့်အသံလွှင့်ကောင်စီ | အဖွဲ့ဝင် |
| (၈) | ကိုယ်စားလှယ်တစ်ဦး<br>အများပြည်သူဝန်ဆောင်မှုရုပ်မြင်သံကြားနှင့်<br>အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ | အဖွဲ့ဝင် |
| (၉) | ကိုယ်စားလှယ်တစ်ဦး<br>ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းရှင်များ | အဖွဲ့ဝင် |
| (၁၀) | ဥက္ကဋ္ဌ<br>ကွန်ပျူတာပညာရှင်များအသင်း | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အတွင်းရေးမှူး |

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် )

**မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီတွင် အဖွဲ့ဝင်ဖြည့်စွက် ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့သော "မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီ" တွင် အောက်ပါအဖွဲ့ဝင်များအား ဖြည့်စွက်ဖွဲ့စည်းလိုက်ပါသည် -

(၁) ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၂) ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန — အဖွဲ့ဝင်

(၃) ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန — အဖွဲ့ဝင်

အမိန့်အရ

ဇော်သန်းသင်း<br>အတွင်းရေးမှူး<br>ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် )

ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် မြန်မာနိုင်ငံဆေးကောင်စီဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၆။) ကို ပြဋ္ဌာန်းပြီး ဖြစ်ပါသဖြင့် အဆိုပါ မြန်မာနိုင်ငံဆေးကောင်စီဥပဒေ အခန်း (၃) ပုဒ်မ ၅ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များ ပါဝင်သည့် နာယကအဖွဲ့ကို ဖွဲ့စည်းလိုက်သည် -

(၁) ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန

(၂) ပါမောက္ခဒေါက်တာမောင်မောင်ဝင့်<br>ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)

(၃) ပါမောက္ခဒေါက်တာသိန်းညွန့်<br>ပါမောက္ခ/ဌာနမှူး (ငြိမ်း)<br>ခွဲစိတ်ကုပညာဌာန

အမိန့်အရ

ဇော်သန်းသင်း<br>အတွင်းရေးမှူး<br>ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် )

**မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁။) အား ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊<br>ညွှန်ကြားရေးမှူးချုပ်၊<br>ပြည်ထောင်စုလွှတ်တော်ရုံး။

**မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁ ။)**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(a) Officer assigned duty by the Myanma Port Authority means any officer assigned duty by the Myanma Port Authority with the approval of the Ministry of Transport to levy the light-dues, expenses, costs and fines, and to perform the other duty under this Act."

၃။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၇၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၂)၊ ပုဒ်မခွဲငယ် (က) နှင့် ပုဒ်မ ၁၈ တို့တွင် ပါရှိသော "President of the Union" ဆိုသည့် စကားရပ်ကို "Ministry of Transport" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (င)၊ ပုဒ်မ ၅၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၂၁ ဘေးခေါင်းစဉ်၊ ပုဒ်မ ၂၁ နှင့်ပုဒ်မ ၂၂ တို့တွင် ပါရှိသော "President of the Union" ဆိုသည့် စကားရပ်ကို "Myanma Port Authority" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၅။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေပုဒ်မ ၃၊ ပုဒ်မ ၈၊ ပုဒ်မခွဲ (၁) နှင့် ပုဒ်မ ၁၆ တို့တွင်ပါရှိသော "President of the Union may" ဆိုသည့် စကားရပ်ကို "Ministry of Transport may, with the approval of the Government of the Union" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၆။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"Appointment of the officer of lighthouse**

4. The Myanma Port Authority may, with the approval of the Ministry of Transport, by notification, appoint an officer of lighthouse. In addition, in order to cooperate and coordinate together with the other marine related organizations internal or external for the purposes of channel safety, consistency with the international navigation standard, and implementation national maritime policy, lays the Lighthouse Division under the supervision of Master Attendant."

၇။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**''Superintendence and Management**

6. The Superintendence and Management of general lighthouses shall vest in the Ministry of Transport with the power to make arrangements it thinks fit, by contract or otherwise, and it may discharge this responsibility through the Myanma Port Authority."

၈။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၄ တို့တွင် ပါရှိသော "Customs-Collector" ဆိုသည့်စကားရပ်ကို "officer assigned duty by the Myanma Port Authority with the approval of the Ministry of Transport" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၉။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (၃) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(3) If any person refuses or neglects to produce any register or other papers or otherwise to satisfy the officer as to the true tonnage of any ship when required to do so under this section, such person shall be liable to pay the expenses of the measurement of the ship and of the ascertainment of the tonnage. Such person shall, on the reasonable ground of willful commission, further be liable to pay a fine from a minimum of fifty thousand to a maximum of one hundred thousand kyats, under the order passed by the Master Attendant or any officer with the approval of the Chief Executive Officer of the Myanma Port Authority."

၁၀။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (၃) ၏ နောက်တွင် ပုဒ်မခွဲ (၄) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(4) The person who dissatisfies with the order passed by the Master Attendant or any officer under sub-section (3), may appeal to the Ministry of Transport within 60 days from the date of such order."

၁၁။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**''Determination of disputes as to liability for payment**

13. If any dispute arises as to whether light-dues, expenses or costs are payable in respect of any ship under this Part of this Act, or as to the amount of such dues, expenses or costs, the dispute shall, on application made in this behalf by either of the disputing parties, be heard and determined by the Master Attendant or any officer assigned duty by the Myanma Port Authority with the approval of the Chief Executive Officer of the Myanma Port Authority, and such decision shall be final."

၁၂။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**''Penalty for evading payment of Light-dues**

15. (1) If the owner or master of a ship willfully evades or attempts to evade the payment of any light-dues, expenses or costs payable in respect of the ship under this Part of this Act, such person shall, on the maximum of five times the amount of the sum payable, under the order passed by the Master reasonable ground of willful commission, be liable to pay a fine from a minimun of three times to an Attendant or any officer with the approval of the Chief Executive Officer of the Myanma Port Authority.

(2) The person who dissatisfies with such order passed under sub-section (1) may appeal to the Ministry of Transport within 60 days from the date of such order."

၁၃။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(1) The Master Attendant, at any time, and any officer of Lighthouse Division, if authorized in this behalf by a general or special order in writing of the Myanma Port Authority may enter upon and inspect any local lighthouse and make such inquiries in respect there of or of the management there of as he thinks fit."

၁၄။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (၄)၊ ပုဒ်မ ၂၂ ၏ခေါင်းစဉ်၊ ဘေးခေါင်းစဉ်နှင့် ပုဒ်မ ၂၂ တို့တွင် ပါရှိသော "Government" ဆိုသည့် စကားရပ်ကို "Myanma Port Authority" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေပုဒ်မ ၂၂ ၏ နောက်တွင် ပုဒ်မ ၂၃၊ ပုဒ်မ ၂၄ နှင့် ပုဒ်မ ၂၅ တို့ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"**Limitation of Lighthouse Area**

23. (1) The Myanma Port Authority has, with the approval of the Ministry of Transport, within port limit area or not, the power to issue order and notification any land or reef of sea within the 100 meters from the centre of light beacon or light tower as the lighthouse area.

(2) The person who dissatisfies with such order passed by sub-section (1) may appeal to the Ministry of Transport with credible document of ownership within 60 days from the date of such order and the decision of the Ministry of Transport shall be final.

24. The Myanma Port Authority has the power to make Prohibition to erecting the buildings or growing the trees, not to become obstacle to high and luminous range of lighthouse within 1 kilometer from lighthouse. Moreover, the trees ordinarily grown which is likely to be obstacle to such high and luminous range of the lighthouse shall be cut and cleaned by the power given to the Myanma Port Authority.

25. Any person who takes any material of the lighthouse without permission or destroys it or make anything to disturb the lighthouse services shall be punished under the existing law."

၁၆။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေ၏ ဇယားကို အောက်ပါဇယားဖြင့် အစားထိုးရမည် -

"SCHEDULE

(1) Lighthouse: -

(a) Kyauk Phyu Kyun Island.

(b) Meepya kyun (Dawei) Island.

(c) Malisoon Island.

(d) Kalwin.

(e) Myeik Seik Kan Thar.

(f) Palaw Palin.

(g) Kyaik Kha Mi Island.

(h) Kyun Nyi Naung Island.

(i) May Yu Island.

(j) Sittwe.

(k) Myae Pon Island.

(l) Thantar Island.

(m) Paung Net Gyi Island.

(n) Man Aung Island.

(o) Man Aung Chaung Wa.

(p) Kyauk Ne Maw.

(q) Sin Gaung Island.

(r) Ohn Ta Bin Island.

(s) Lone Thar.

(t) Nan Thar Kyun Island.

(u) Thante.

(v) Minglar Island.

(w) Pathein Reef.

(x) Thamee Hla Island.

(y) Chaug Gyi.

(z) Pyi Taw Thar.

(2) Any other Lighthouse in the Republic of the Union of Myanmar which the Ministry of Transport may declare to be a general lighthouse."

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် )

**ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေ

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂ ။)**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်**

၁။ ဤဥပဒေကို ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ပြည်ထောင်စုဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခုကို ဆိုသည်။

(စ) **ဗဟိုအဖွဲ့အစည်း**ဆိုသည်မှာ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကို ဆိုသည်။

(ဆ) **ဗဟိုဘဏ်**ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို ဆိုသည်။

(ဇ) **ဘဏ္ဍာရေးနှစ်**ဆိုသည်မှာ နှစ်တစ်နှစ်၏ ဧပြီလ ၁ ရက်တွင်စ၍ နောက်နှစ်မတ်လ ၃၁ ရက်တွင် ပြီးဆုံးသော ကာလအပိုင်းအခြားကို ဆိုသည်။

(ဈ) **တစ်ခုတည်းသောငွေတိုက်စာရင်း**ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထိန်းသိမ်းထားရှိသော ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းနှင့် တစ်ခုတည်းသော ငွေတိုက်စာရင်းနှင့် ဆက်စပ်သော အခြားငွေစာရင်းများပါဝင်သည့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းကို ဆိုသည်။

(ည) **အစိုးရငွေချေးသက်သေခံလက်မှတ်များ**ဆိုသည်မှာ အစိုးရငွေတိုက်လက်မှတ်၊ အစိုးရငွေတိုက်စာချုပ်၊ ပြည်ပသို့ထုတ်ဝေရောင်းချသည့် ငွေတိုက်စာချုပ်နှင့်ငွေပေးကတိစာချုပ်တို့ကို ဆိုသည်။

(ဋ) **အစိုးရကြွေးမြီ**ဆိုသည်မှာ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများက ငွေချေးယူမှုကြောင့်သော်လည်းကောင်း သို့မဟုတ် ငွေပေးရန် ကတိပြုချက်အရသော်လည်းကောင်း သို့မဟုတ် နိုင်ငံတော်၏ အာမခံထားသည့် ကြွေးမြီကြောင့် သော်လည်းကောင်း ဖြစ်ပေါ်လာသည့် ငွေရေးကြေးရေးဆိုင်ရာ ပေးရန်တာဝန်များအားလုံးကို ဆိုသည်။ အဆိုပါငွေရေးကြေးရေးဆိုင်ရာ ပေးရန်တာဝန်များတွင် ဤဥပဒေပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေအရတည်ထောင်ထားသော နိုင်ငံတော်ပိုင်ဘဏ်များထံမှငွေချေးယူခြင်းများ မပါဝင်။

(ဌ) **ပြည်သူ့ကြွေးမြီ**ဆိုသည်မှာ အစိုးရကြွေးမြီအရ ပေးရန်တာဝန်များနှင့်နိုင်ငံတော်ကအာမခံထားသည့် ကြွေးမြီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက ငွေချေးယူခြင်းကြောင့်ဖြစ်ပေါ်လာသော ငွေရေးကြေးရေး ဆိုင်ရာပေးရန်တာဝန်များကို ဆိုသည်။

(ဍ) **နိုင်ငံတော်၏ အာမခံချက်ရှိသည့်ကြွေးမြီ**ဆိုသည်မှာ မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် စီမံကိန်းကိုမဆို နိုင်ငံတော်က ချေးငွေအတွက် အာမခံချက်များနှင့် အခြားသော အာမခံသဘောသက်ရောက်သော အခြားပုံစံများ ထုတ်ပေးခြင်းကြောင့် ဖြစ်ပေါ်လာသော ငွေရေးကြေးရေးဆိုင်ရာ ပေးရန်တာဝန်များအားလုံးကို ဆိုသည်။

(ဎ) **ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု**ဆိုသည်မှာ ဤဥပဒေတွင် ဖော်ပြပါရှိသည့် ပြည်သူ့ကြွေးမြီနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲမှုကို ဆိုသည်။

(ဏ) **ငွေချေးယူခြင်း**ဆိုသည်မှာ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင် သာယာရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက ချေးငွေစာချုပ်

ချုပ်ဆို၍ဖြစ်စေ၊ အစိုးရငွေချေးသက်သေခံလက်မှတ်များထုတ်ဝေရောင်းချ၍ဖြစ်စေ ငွေချေးယူခြင်းနှင့် အစိုးရအာမခံချက်အရ ပေါ်ပေါက်လာသည့် ပေးရန်တာဝန်များကို ဆိုသည်။

(တ) **ကိုယ်စားလှယ်**ဆိုသည်မှာ ဤဥပဒေအရဖြစ်စေ ကိုယ်စားလှယ်လွှဲအပ်ခြင်းဆိုင်ရာ သဘောတူစာချုပ်အရဖြစ်စေ သတ်မှတ်ထားသောလုပ်ငန်းများကို ဝန်ကြီးဌာနကိုယ်စားတာဝန်ယူဆောင်ရွက်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်တွင်း သို့မဟုတ် ပြည်ပမှ ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် ပြည်တွင်း သို့မဟုတ် ပြည်ပငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီ တစ်ရပ်ရပ်ကို ဆိုသည်။

(ထ) **ငွေရေးကြေးရေးအဖွဲ့အစည်းများ**ဆိုသည်မှာ မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ ဖွဲ့စည်းတည်ထောင်၍ ငွေရေးကြေးရေးအဖွဲ့အစည်းများဟု သတ်မှတ်ဖော်ပြသည့် အဖွဲ့အစည်းများကို ဆိုသည်။

(ဒ) **တာဝန်ခံ၍ တစ်ဆင့်ခံဖြန့်ချိရောင်းချသူများ**ဆိုသည်မှာ ငွေရေးကြေးရေးဈေးကွက်များတွင် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေခြင်းနှင့် ရောင်းချခြင်းတို့အား စီမံဆောင်ရွက်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အစိုးရငွေချေးသက်သေခံလက်မှတ်များရောင်းဝယ်ရေး ကုမ္ပဏီများကို ဆိုသည်။

(ဓ) **ကြွေးမြီပေးဆပ်ခြင်း**ဆိုသည်မှာ ကြွေးမြီအပေါ်ပေးချေရန် စေ့ရောက်သည့်အတိုးနှင့်အရင်း အပါအဝင် ကြွေးမြီဆိုင်ရာစည်းကမ်းချက်များအရ ကျခံရမည့်စရိတ်များအတွက် ပေးချေမှုများ ဆောင်ရွက်ခြင်းကို ဆိုသည်။

(န) **နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**ဆိုသည်မှာ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော စီးပွားရေးအဖွဲ့အစည်းများကို ဆိုသည်။

(ပ) **စည်ပင်သာယာရေးအဖွဲ့**ဆိုသည်မှာ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် နယ်နိမိတ် ပိုင်းခြားသတ်မှတ်၍ ဖွဲ့စည်းသောကော်မတီ သို့မဟုတ် အဖွဲ့ကို ဆိုသည်။

## အခန်း (၂)

## ငွေချေးယူခြင်းအတွက် အခွင့်အာဏာအပ်နှင်းခြင်းနှင့် ငွေချေးယူခြင်း

၃။ အစိုးရအဖွဲ့သည် နိုင်ငံတော်ကိုယ်စား ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် အောက်ပါကိစ္စရပ်များအတွက် ပြည်တွင်း သို့မဟုတ် ပြည်ပမှ ငွေချေးယူနိုင်သည် -

(က) နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်း လိုငွေကို ဖြည့်ဆည်းရန်၊

(ခ) စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် ရန်ပုံငွေဖြည့်ဆည်းရန်၊

(ဂ) တစ်ခုတည်းသော ငွေတိုက်စာရင်းရှိ မြီရှင်လက်ကျန်ပမာဏ (Credit Balance) ကို ဝန်ကြီးက သတ်မှတ်ထားသောပမာဏအတွင်း ထိန်းသိမ်းထားရှိရန်၊

(ဃ) ကြွေးမြီများကို ပြန်လည်ညှိနှိုင်းဖွဲ့စည်းရန် သို့မဟုတ် ပေးချေရမည့်ရက်မတိုင်မီ ကြိုတင်ပေးဆပ်ရန်၊

(င) ဗဟိုဘဏ်ကထိန်းသိမ်းထားရှိသော နိုင်ငံခြားသုံးသီးသန့်ရန်ပုံငွေကို လိုအပ်သည့်အခါဖြည့်တင်းရန်၊

(စ) အစိုးရ၏ အာမခံထားရှိမှုအောက်မှ ကျန်ရှိသည့် ပေးရန်တာဝန်များကို ပေးချေရန်၊

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများနှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့် အခြားအဖွဲ့အစည်း တစ်ရပ်ရပ်သို့ အစိုးရချေးငွေ သို့မဟုတ် အကြွေးအဖြစ် ထုတ်ချေးရန်၊

(ဇ) သဘာဝဘေး သို့မဟုတ် ပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ် သို့မဟုတ် နိုင်ငံတော်၏ အရေးပေါ် အခြေအနေတစ်ရပ်ရပ်ကြောင့် ပေါ်ပေါက်လာသည့် အကျိုးသက်ရောက်မှုများကို ဆောလျင်စွာ အကာအကွယ်ပေးရေး၊ လျှော့ချရေး သို့မဟုတ် တိုက်ဖျက်ရေးတို့ကို ဆောင်ရွက်နိုင်ရန်၊

(ဈ) ပြည်ထောင်စုလွှတ်တော်ကအတည်ပြုသည့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် သတ်မှတ်ထားသည့် အခြားကိစ္စတစ်ရပ်ရပ်အတွက် ဘဏ္ဍာငွေဖြည့်ဆည်းရန်။

၄။ ဤအခန်းပါ ကိစ္စရပ်များအတွက် ချေးယူခဲ့သည့် ငွေများကို ဤဥပဒေနှင့်အညီ အစိုးရအဖွဲ့က အတည်ပြုထားသည့် ငွေချေးယူသည့် ကိစ္စရပ်များအတွက်သာ ကျခံသုံးစွဲရမည်။

၅။ ဝန်ကြီးသည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၏ ငွေချေးယူခြင်းအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ချေးငွေစာချုပ်များချုပ်ဆိုခြင်း၊ အစိုးရချေးငွေသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်း သို့မဟုတ် အခြားသောချေးငွေဆိုင်ရာ သဘောတူညီချက်များတွင် ပါဝင်ဆောင်ရွက်ခြင်းနှင့် အစိုးရအာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့် ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ပြည်တွင်းငွေကြေးဖြင့်သော်လည်းကောင်း၊ နိုင်ငံခြားငွေကြေးဖြင့်သော်လည်းကောင်း ငွေချေးယူခြင်းကို ဆောင်ရွက်နိုင်သည်။ ထိုသို့ချေးယူခြင်းသည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ရည်ရွယ်ချက်များနှင့် ကန့်သတ်ချက်များနှင့်အညီ ဖြစ်ရမည်။

၆။ အစိုးရအဖွဲ့သည် ဤအခန်းပါကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် ဝန်ကြီးအား လုပ်ပိုင်ခွင့်အာဏာအပ်နှင်းနိုင်သည်။ ဝန်ကြီးသည် ဤအခန်းပါကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်ရာတွင် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၇။ ဝန်ကြီးသည် ဤဥပဒေပါ တာဝန်ဝတ္တရားအချို့ကို ဆောင်ရွက်ရန် သတ်မှတ်ချက်များနှင့်အညီ နှစ်ဖက်သဘောတူစာချုပ်အရ ကိုယ်စားလှယ်ခန့်အပ်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

၈။ ဤဥပဒေပါငွေချေးယူခြင်းအတွက် ပေးရန်တာဝန်ကျရောက်လာမှုကို အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် သက်ဆိုင်ရာ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ဦးစားပေး ပေးရန်တာဝန်အဖြစ် ခွဲဝေလျာထားရမည်။ အဆိုပါ ငွေတောင်းခံမှုများကို ချုပ်ဆိုပြီး စာချုပ်များ၊ ပူးတွဲဘဏ္ဍာငွေ ဖြည့်ဆည်းခြင်းဆိုင်ရာ ကတိကဝတ်များ၊ ချေးငွေစာချုပ်များ၊ အစိုးရငွေချေးသက်သေခံလက်မှတ်များထုတ်ဝေရောင်းချခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်းများတွင် နိုင်ငံတော်ကအဖွဲ့ဝင်ထားခြင်းအတွက် လိုက်နာရမည့် တာဝန်များအပေါ် အခြေခံ၍ ဆုံးဖြတ်ရမည်။

## အခန်း (၃)
## ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ရည်ရွယ်ချက်

၉။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု၏ရည်ရွယ်ချက်များမှာ အစိုးရ၏ဘဏ္ဍာငွေဖြည့်ဆည်းရန်လိုအပ်ချက်များနှင့် ၎င်း၏ ရေတိုရေရှည် ငွေပေးချေရန်တာဝန်များကို ဆုံးရှုံးနိုင်ခြေနှင့်အတူ ကုန်ကျစရိတ်အနည်းဆုံးဖြစ်ရန်နှင့် အစိုးရငွေချေးသက်သေခံလက်မှတ်များနှင့် စပ်လျဉ်းသော ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ပေးရန်တို့ ဖြစ်သည်။

၁၀။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုတွင် အစိုးရကြွေးမြီများအတွက် ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ ချမှတ်ခြင်းနှင့် ပြည်သူ့ကြွေးမြီတစ်ရပ်လုံးအတွက် စာရင်းမှတ်တမ်းများ ကောင်းမွန်စွာ ထိန်းသိမ်းထားရှိခြင်းတို့ ပါဝင်သည်။

## အခန်း (၄)
## အစိုးရကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ ချမှတ်ခြင်း

၁၁။ အစိုးရကြွေးမြီအတွက် ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာကို အနည်းဆုံးနောက်ဘဏ္ဍာရေးနှစ်သုံးနှစ်ကာလအတွက် ဝန်ကြီးဌာနက နှစ်စဉ်ပုံမှန်ရေးဆွဲ၍ အစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူရမည်။

၁၂။ အစိုးရကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာကို ချမှတ်ဆောင်ရွက်ရာတွင် ပုဒ်မ ၃ တွင်ဖော်ပြထားသော ကိစ္စရပ်များအပေါ် အခြေခံရမည်ဖြစ်ပြီး အောက်ပါကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရမည် -

(က) မက်ခရိုစီးပွားရေးမူဘောင်၊
(ခ) အစိုးရ၏ အနာဂတ်ငွေချေးယူမှု လိုအပ်ချက်၊
(ဂ) ဈေးကွက်အခြေအနေများ၊
(ဃ) မဟာဗျူဟာဖော်ထုတ်ရေးနှင့်ဆက်စပ်သည့် အခြားကိစ္စရပ်များ။

၁၃။ အစိုးရကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာတွင် အောက်ပါတို့ပါဝင်ရမည် -

(က) ကြွေးမြီအရပ်ရပ်နှင့်စပ်လျဉ်းသည့် အန္တရာယ်ကျရောက်နိုင်မှုသည် သင့်တင့်လျောက်ပတ်သည့် အတိုင်းအတာတွင်ရှိကြောင်း သေချာမှုရှိစေရန် အစိုးရကြွေးမြီအရပ်ရပ်၏ အမျိုးအစားနှင့် ကြွေးမြီသစ်များရယူခြင်းတို့အတွက် လမ်းညွှန်မှုတင်ပြချက်နှင့် ရည်ရွယ်ချက်သတ်မှတ်ခြင်းများ၊

(ခ) အစိုးရငွေချေးသက်သေခံလက်မှတ်များ၏ ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးမှုကို မြှင့်တင်ပေးရန် အစီအမံများ၊

(ဂ) ငွေထုတ်ချေးခြင်း၊ ထပ်ဆင့်ငွေထုတ်ချေးခြင်းနှင့် ချေးငွေအာမခံချက်များ ထုတ်ပေးခြင်းတို့အတွက် မူဝါဒများနှင့် လမ်းညွှန်ချက်များ။

၁၄။ ဝန်ကြီးက အဆိုပြုတင်သွင်းပြီး အစိုးရအဖွဲ့က အတည်ပြုသော အစိုးရကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာသည် -

(က) လာမည့်ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် လိုက်လျောညီထွေရှိရမည်။

(ခ) သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အစထက် နောက်မကျစေဘဲ ထုတ်ပြန်ကြေညာပြီး ဖြစ်ရမည်။

(ဂ) အတည်ပြုပြီးချိန်မှစ၍ အစိုးရငွေချေးယူမှုနှင့် အခြားကြွေးမြီစီမံခန့်ခွဲမှုလုပ်ဆောင်ချက်များကို ယင်းမဟာဗျူဟာနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၅)

## အစိုးရအဖွဲ့မှ ငွေချေးယူခြင်းနှင့် ကြွေးမြီစီမံခန့်ခွဲမှု

၁၅။ အစိုးရအဖွဲ့မှ ငွေချေးယူခြင်းတွင် ပြည်တွင်းဈေးကွက်၌ အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်း၊ ပြည်ပတွင် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းနှင့် မြန်မာနိုင်ငံအတွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ ငွေချေးစာချုပ်များချုပ်ဆို၍ ငွေချေးယူခြင်းတို့ပါဝင်သည်။ အစိုးရအဖွဲ့က ငွေချေးယူခြင်းသည် ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေတွင် သတ်မှတ်ဖော်ပြသည့် ပမာဏအတွင်း ဖြစ်ရမည်။

၁၆။ ပြည်တွင်းဈေးကွက်တွင် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချ၍ ငွေချေးယူခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ဝန်ကြီးမှ ကြိုတင်ဆုံးဖြတ်ချက် ချမှတ်ပြီးနောက် နိုင်ငံတော်၏ကိုယ်စား ဝန်ကြီးဌာနသည် အစိုးရငွေချေးသက်သေခံလက်မှတ်များ၏ အမျိုးအစားနှင့် အင်္ဂါရပ်များကို ဆုံးဖြတ်ပြီး အစိုးရငွေချေးသက်သေခံလက်မှတ်များကို ထုတ်ဝေရောင်းချခြင်း၊

(ခ) အစိုးရငွေချေးသက်သေခံလက်မှတ်များ လေလံတင်ရောင်းချခြင်း၊ အစိုးရငွေချေးသက်သေခံလက်မှတ်ဝယ်ယူရန် ဖွဲ့စည်းထားသည့် စုပေါင်းအဖွဲ့အစည်းသို့ ရောင်းချခြင်း သို့မဟုတ် ဝန်ကြီးက အတည်ပြုထားသော အခြားနည်းလမ်းဖြင့် ရောင်းချခြင်းတို့ကို သတ်မှတ်ထားသည့် စာရင်းမှတ်တမ်းသွင်းသည့် ပုံစံဖြင့်သာ ထုတ်ဝေရောင်းချခြင်း၊

(ဂ) အစိုးရငွေချေးသက်သေခံလက်မှတ်များကို လေလံတင်ရောင်းချရာတွင် ဝန်ကြီးက အတည်ပြုထားသည့် အချိန်ဇယားနှင့်အညီ ပြုလုပ်ခြင်း၊

(ဃ) ဝန်ကြီးက အတည်ပြုထားသည့် အချိန်ဇယားကို ကြိုတင်ထုတ်ပြန်ရမည်ဖြစ်ပြီး ယင်းသို့ ထုတ်ပြန်ရာတွင် ထုတ်ဝေရောင်းချမည့် နေ့ရက်၊ အစိုးရငွေချေးသက်သေခံလက်မှတ်အမျိုးအစားနှင့် သက်တမ်း၊ ထုတ်ဝေရောင်းချမည့်အများဆုံး ပမာဏတို့ကို ထည့်သွင်းဖော်ပြခြင်း၊

(င) ဝန်ကြီးဌာနသည် ဝန်ကြီးက အတည်ပြုထားသည့် အစိုးရငွေချေးသက်သေခံလက်မှတ်များကို လေလံတင်ရန်နှင့် လေလံတင်သွင်းလာသော ကမ်းလှမ်းမှုများကို အစိုးရကိုယ်စားလက်ခံရန် ဆောင်ရွက်ပိုင်ခွင့်ရှိသည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်ခြင်း။

(စ) အစိုးရငွေချေးသက်သေခံလက်မှတ်များကို လေလံတင်ခြင်းမဟုတ်သော အခြားနည်းဖြင့် ထုတ်ဝေရောင်းချမည်ဆိုပါက ရောင်းချမည့်နည်းလမ်းနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များအတွက် ဝန်ကြီး၏အတည်ပြုချက်ကို ကြိုတင်ရယူခြင်း။

၁၇။ အစိုးရငွေချေးသက်သေခံလက်မှတ်များအား ပြည်ပတွင် ထုတ်ဝေရောင်းချ၍ ငွေချေးယူခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အစိုးရအဖွဲ့သည် ပြည်ပတွင် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းဖြင့် ငွေချေးယူခြင်းကိစ္စကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရရှိပြီးမှဆောင်ရွက်ခြင်း၊

(ခ) ဝန်ကြီးသည် ထုတ်ဝေမည့် အစိုးရငွေချေးသက်သေခံလက်မှတ်အမျိုးအစား၊ သက်တမ်း၊ ပမာဏ၊ ကုန်ကျနိုင်သည့်စရိတ်၊ တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချသူများခန့်အပ်ခြင်းနှင့် ဈေးကွက်အခြေအနေများအပါအဝင် ထုတ်ဝေရောင်းချမှု၏ အခြေအနေအရပ်ရပ်ကို အတည်ပြုခြင်း၊

(ဂ) ဝန်ကြီးသည် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းအတွက် လိုအပ်သော ဘဏ္ဍာရေးနှင့် ငွေပေးချေရေးကိုယ်စားလှယ်များ၊ ဥပဒေဆိုင်ရာကိုယ်စားလှယ်များနှင့် အခြားကိုယ်စားလှယ်အဖွဲ့များ ခန့်အပ်ခြင်းကို အတည်ပြုခြင်း၊

(ဃ) ဝန်ကြီးသည် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းနှင့် စပ်လျဉ်းသော စာချုပ်များကို ကိုယ်တိုင်လက်မှတ်ရေးထိုးခြင်း သို့မဟုတ် ၎င်း၏ကိုယ်စား ကိုယ်စားလှယ်ခန့်အပ်၍ လက်မှတ်ရေးထိုးစေခြင်းတို့ကို ဆောင်ရွက်ခြင်း။

၁၈။ (က) မြန်မာနိုင်ငံအတွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ ချေးငွေစာချုပ်များချုပ်ဆို၍ ငွေချေးယူခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(၁) အစိုးရအဖွဲ့သည် ချေးငွေစာချုပ်များချုပ်ဆို၍ ငွေချေးယူခြင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

(၂) ဝန်ကြီးသည် အစိုးရအဖွဲ့ကိုယ်စား ချေးငွေစာချုပ် ဆွေးနွေးညှိနှိုင်းခြင်းနှင့် အပြီးသတ်သဘောတူခြင်းတို့ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနနှင့် ၎င်း၏ တာဝန်ရှိပုဂ္ဂိုလ်များသို့ တာဝန်ပေးအပ်ခြင်း၊

(၃) ဝန်ကြီးသည် အစိုးရနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပြည်ပအစိုးရ သို့မဟုတ် အခြားမြီရှင်တို့အကြား ချေးငွေစာချုပ်များချုပ်ဆိုရန် စီစဉ်ဆောင်ရွက်ရာတွင် ၎င်းချေးငွေစာချုပ်၏ စည်းကမ်းနှင့် သတ်မှတ်ချက်များကို အစိုးရအဖွဲ့က အတည်ပြုပြီးမှသာ ချေးငွေစာချုပ်ချုပ်ဆိုခြင်း၊

(၄) ဝန်ကြီးသည် ချေးငွေစာချုပ်များနှင့်စပ်လျဉ်းသောစာရွက်စာတမ်းများကို လက်မှတ်ရေးထိုးခြင်း သို့မဟုတ် ၎င်း၏ကိုယ်စား ကိုယ်စားလှယ်ခန့်အပ်၍ လက်မှတ်ရေးထိုးစေခြင်း။

(ခ) ဝန်ကြီးသည် ချေးငွေများနှင့်စပ်လျဉ်း၍ ငွေချေးပေးသူ၏ သဘောတူညီချက်နှင့်အညီ ချေးငွေဆိုင်ရာ စည်းကမ်းနှင့် သတ်မှတ်ချက်များအပေါ် သဘောတူညီခဲ့ပါက အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(၁) ချေးငွေကိုပေးဆပ်ရမည့် ရက်မတိုင်မီ ကြိုတင်ပေးဆပ်ခြင်း၊

(၂) ချေးငွေစည်းကမ်းချက်များကို ပြန်လည်ညှိနှိုင်းဆွေးနွေးခြင်း၊

(၃) ချေးယူငွေများအား ချေးငွေပုံစံတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲခြင်း သို့မဟုတ် ချေးငွေနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသောချေးငွေများကို ချေးငွေတစ်ခုတည်းအဖြစ်ပေါင်းစည်းခြင်း။

၁၉။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုရည်ရွယ်ချက်နှင့် အတည်ပြုထားသော မဟာဗျူဟာနှင့်အညီ ဝန်ကြီးသည် ချေးငွေဖွဲ့စည်းမှု စီမံခန့်ခွဲခြင်းလုပ်ငန်းစဉ် ဆောင်ရွက်နိုင်သည်။ အဆိုပါလုပ်ငန်းစဉ်သည် စည်းမျဉ်းစည်းကမ်းများအရ ဝန်ကြီးက အတည်ပြုထားသည့်လုပ်ငန်းဖြစ်ရမည်။

## အခန်း (၆)

## တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ငွေချေးယူခြင်းနှင့် ကြွေးမြီစီမံခန့်ခွဲမှု

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ပုဒ်မ ၁၈ နှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များနှင့် သက်ဆိုင်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ငွေချေးယူနိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ ငွေချေးယူမှုများအတွက် အစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်တို့ကို ကြိုတင်ရယူရမည်။

၂၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ၎င်းတို့၏ကြွေးမြီလက်ကျန်အခြေအနေ၊ ချေးငွေအသစ်ရယူမှုအခြေအနေများကို ဘဏ္ဍာရေးနှစ်သုံးလပတ်တစ်ကြိမ် ကုန်ဆုံးပြီးနောက် တစ်လအတွင်း ဝန်ကြီးဌာနသို့ တင်ပြရမည်။ ဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ မည်သည့်ကြွေးမြီဆိုင်ရာ သတင်းအချက်အလက်များကိုမဆို ဝန်ကြီးကိုယ်စား စာဖြင့်ရေးသား တောင်းခံနိုင်သည်။

## အခန်း (၇)

## စည်ပင်သာယာရေးအဖွဲ့များက ငွေချေးယူခြင်းနှင့် ကြွေးမြီစီမံခန့်ခွဲမှု

၂၂။ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်များ၊ စည်ပင်သာယာရေးအဖွဲ့ဆိုင်ရာ အခြားဥပဒေများ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ငွေချေးယူနိုင်သည်။ စည်ပင်သာယာရေးအဖွဲ့များ၏ ငွေချေးယူမှုအားလုံးသည် အစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်တို့ကို ကြိုတင်ရယူရမည်။

၂၃။ စည်ပင်သာယာရေးအဖွဲ့များသည် ၎င်းတို့၏ ကြွေးမြီလက်ကျန်အခြေအနေနှင့် ချေးငွေအသစ်ရယူမှု အခြေအနေများကို ဘဏ္ဍာရေးနှစ် သုံးလပတ်တစ်ကြိမ် ကုန်ဆုံးပြီးနောက် တစ်လအတွင်း ဝန်ကြီးဌာနသို့ တင်ပြရမည်။ ဝန်ကြီးဌာနသည် စည်ပင်သာယာရေးအဖွဲ့များ၏ မည်သည့်ကြွေးမြီဆိုင်ရာ သတင်းအချက်အလက်များကိုမဆို ဝန်ကြီးကိုယ်စား စာဖြင့်ရေးသား တောင်းခံနိုင်သည်။

## အခန်း (၈)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်ပိုင်ဘဏ်များထံမှ ငွေချေးယူခြင်းနှင့် ကြွေးမြီစီမံခန့်ခွဲမှု

၂၄။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ၎င်းတို့၏ လုပ်ငန်းများကို ကိုယ်ပိုင်ရန်ပုံငွေဖြင့် ဆောင်ရွက်ရန် မလုံလောက်ပါက မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော နိုင်ငံတော်ပိုင်ဘဏ်များထံမှ ငွေချေးယူနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ငွေချေးယူသည့်ကိစ္စကို နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) ယင်းသို့ချေးယူလျှင် အစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်တို့ကို ကြိုတင်ရယူရမည်။

၂၅။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် နိုင်ငံပိုင်ဘဏ်များထံမှ ချေးယူထားသည့် ကြွေးမြီလက်ကျန်အခြေအနေနှင့် ချေးငွေအသစ်ရယူမှုအခြေအနေများကို ဘဏ္ဍာရေးနှစ် သုံးလပတ်တစ်ကြိမ် ကုန်ဆုံးပြီးနောက်တစ်လအတွင်း ဝန်ကြီးဌာနသို့ တင်ပြရမည်။ ဝန်ကြီးဌာနသည် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ နိုင်ငံပိုင်ဘဏ်များထံမှ ချေးယူသည့် မည်သည့်ကြွေးမြီဆိုင်ရာ သတင်းအချက်အလက် များကိုမဆို ဝန်ကြီးကိုယ်စား စာဖြင့်ရေးသား တောင်းခံနိုင်သည်။

## အခန်း (၉)
## ငွေထုတ်ချေးခြင်းနှင့် ထပ်ဆင့်ငွေထုတ်ချေးခြင်း

၂၆။ ဝန်ကြီးသည် ဘဏ္ဍာရေးကော်မရှင်က ခွင့်ပြုထားသောချေးငွေကို ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့ ထုတ်ချေးခြင်းနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ စည်ပင်သာယာရေးအဖွဲ့များ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား ငွေထုတ်ချေးခြင်းတို့ကို နိုင်ငံတော်ကိုယ်စား ဆောင်ရွက်နိုင်သည်။

၂၇။ ပုဒ်မ ၂၆ အရ ထုတ်ချေးရာတွင် -

(က) ဝန်ကြီးသည် မိမိကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်တစ်ဦးအားဖြစ်စေ ချေးငွေနှင့်သက်ဆိုင်သော စာချုပ်ကို နိုင်ငံတော်ကိုယ်စား လက်မှတ်ရေးထိုးခြင်းပြုနိုင်သည်။

(ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ချေးငွေဆိုင်ရာစည်းကမ်းချက်များ သတ်မှတ်နိုင်သည်။

၂၈။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအရ -

(က) ဝန်ကြီးဌာနသည် ပုဒ်မ ၁၈ အရ နိုင်ငံတော်ကိုယ်စား ပြည်ပမှချေးယူရရှိသည့်ငွေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်နေသောလုပ်ငန်းများသို့ ထပ်ဆင့်ထုတ်ချေးနိုင်သည်။

(ခ) ယင်းထပ်ဆင့်ချေးငွေဆိုင်ရာ စည်းကမ်းနှင့် သတ်မှတ်ချက်များကို ဝန်ကြီးက သတ်မှတ်ပြီး အစိုးရအဖွဲ့၏ သဘောတူညီချက် ရယူရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ဝန်ကြီးသည် ထပ်ဆင့်ထုတ်ချေးခြင်းနှင့် စပ်လျဉ်းသော စာချုပ်များ၊ စာရွက်စာတမ်းများကို ကိုယ်တိုင်လက်မှတ်ရေးထိုးခြင်း သို့မဟုတ် ကိုယ်စားလှယ်ခန့်အပ်၍ လက်မှတ်ရေးထိုးစေခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၂၉။ ဤအခန်းပါ ချေးငွေ သို့မဟုတ် ထပ်ဆင့်ချေးငွေတစ်ရပ်ရပ်ကို သက်တမ်းတိုးမြှင့်ပေးခြင်းမပြုမီ ဤသို့ချေးငွေသက်တမ်းတိုးမြှင့်ပေးခြင်းကြောင့် ပေါ်ပေါက်မည့် ချေးငွေလက်ကျန်အပေါ် ဆုံးရှုံးနိုင်ခြေကို ဝန်ကြီးဌာနက ဆန်းစစ်သုံးသပ်ရမည်။

## အခန်း (၁၀)
## နိုင်ငံတော်၏ အာမခံချက်များ

၃၀။ ဝန်ကြီးသည် -

(က) မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း သို့မဟုတ် စီမံကိန်းကိုမဆို ချေးငွေအတွက် အာမခံချက် သို့မဟုတ် အာမခံသဘောသက်ရောက်သော အခြားပုံစံများကို အစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ထုတ်ပေးနိုင်သည်။

(ခ) နိုင်ငံတော်၏ အာမခံချက်နှင့်စပ်လျဉ်းသည့် သဘောတူညီချက်ကို ကိုယ်တိုင်လက်မှတ်ရေးထိုးခြင်း သို့မဟုတ် ကိုယ်စားလှယ်ခန့်အပ်၍ လက်မှတ်ရေးထိုးစေခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၃၁။ ဤအခန်းအရ နိုင်ငံတော်၏ အာမခံချက်ကို ထုတ်ပေးခြင်းမပြုမီနှင့် အာမခံသက်တမ်းတစ်လျှောက် ထိုအာမခံချက်ထုတ်ပေးခြင်းကြောင့် အစိုးရ၏ ဆုံးရှုံးနိုင်ခြေကို ဝန်ကြီးဌာနက သုံးသပ်ရမည်။ နိုင်ငံခြားငွေဖြင့် အာမခံချက်ထုတ်ပေးရန် ကိစ္စရပ်များတွင် လိုအပ်ပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်းမှုပြုနိုင်သည်။

၃၂။ နိုင်ငံတော်၏ အာမခံချက်ဖြင့် ငွေချေးယူသူသည် ပြည်ထောင်စုလွှတ်တော်က သီးခြားသတ်မှတ်ချက်မရှိလျှင် အဆိုပါအာမခံအတွက် ဝန်ကြီးက သတ်မှတ်သော အာမခံကြေးကို အစိုးရထံပေးသွင်းရမည်။

၃၃။ ဝန်ကြီးသည် အောက်ပါကိစ္စရပ်အတွက် စိုက်ထုတ်ကုန်ကျငွေကို နိုင်ငံတော်၏ အာမခံချက်ဖြင့် ငွေချေးယူသူထံမှ ပြန်လည်ဖြည့်တင်းစေခြင်း သို့မဟုတ် ထုတ်ပေးစေခြင်းပြုရန် တောင်းခံနိုင်ခွင့်ရှိသည်-

(က) အာမခံချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အစိုးရက ထုတ်ပေးရသည့် ငွေကြေးအားလုံး၊

(ခ) အာမခံချက်နှင့်ဆက်စပ်၍ အစိုးရက ကျခံခဲ့သော အသုံးစရိတ်များအားလုံး၊

(ဂ) အာမခံချက်ကို ဖြည့်ဆည်းပေးရန် အစိုးရက ထုတ်ပေးရသည့် ငွေကြေးအားလုံးအပေါ် အတိုး။

## အခန်း (၁၁)

## စာရင်းပြုစုခြင်း၊ ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်းနှင့် အစီရင်ခံတင်ပြခြင်း

၃၄။ ဝန်ကြီးဌာနသည် -

(က) ပြည်သူ့ကြွေးမြီများ၊ ငွေထုတ်ချေးခြင်း၊ ထပ်ဆင့်ငွေထုတ်ချေးခြင်း၊ အာမခံချက်များနှင့် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော ငွေရေးကြေးရေးဆောင်ရွက်ချက်များအားလုံးကို ရသုံးခန့်မှန်းခြေငွေစာရင်း ခေါင်းစဉ်အမျိုးအစားများ၊ စာရင်းအမျိုးအစားများနှင့်အညီ မှတ်တမ်းတင်ထားရှိရမည်။ ပြည်သူ့ကြွေးမြီနှင့်သက်ဆိုင်သော ငွေရေးကြေးရေးဆောင်ရွက်ချက် အားလုံးအတွက် စာရင်းမှတ်တမ်းများအား ဝန်ကြီးဌာနက ထုတ်ပြန်ထားသော စည်းမျဉ်း စည်းကမ်း၊ နည်းဥပဒေများနှင့်အညီ ထားရှိရမည်။

(ခ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုအတွက် ငွေစာရင်းများထိန်းသိမ်းရာတွင် မြန်မာနိုင်ငံငွေရေးကြေးရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံတင်ပြမှု စံသတ်မှတ်ချက်များကို လိုက်နာကျင့်သုံးရမည်။

၃၅။ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများသည် နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲပြုစုရာတွင် ၎င်းတို့၏ ချေးငွေထုတ်ယူ သုံးစွဲခြင်းနှင့် ကြွေးမြီပေးဆပ်ခြင်းများနှင့်စပ်လျဉ်း၍ နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရေးအတွက် ထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ ခန့်မှန်းတွက်ချက်ပြီး ၎င်းတို့၏ ရသုံးမှန်းခြေငွေစာရင်းများတွင် ထည့်သွင်းလျာထားကာ သက်ဆိုင်ရာလွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၃၆။ ဝန်ကြီးဌာနသည် အစိုးရကြွေးမြီပေးဆပ်မှု အသုံးစရိတ်ခန့်မှန်းခြေများကို သက်ဆိုင်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေများတွင် ထည့်သွင်းလျာထားမှုမပြုနိုင်ခဲ့ခြင်း သို့မဟုတ် လျာထားချက် လုံလောက်မှုမရှိခြင်းစသည့် ကိစ္စရပ်များတွင် ယင်းချေးယူငွေများအပေါ် အရင်း၊ အတိုးနှင့် ငွေချေးယူမှုနှင့် အခြားကုန်ကျစရိတ်များကို အပြည့်အဝအချိန်မီ ပေးဆပ်နိုင်ရေးအတွက် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများနှင့် အညီ နှောင့်နှေးမှုမရှိစေဘဲ ဆောင်ရွက်ရမည်။

၃၇။ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် ခြောက်လထက်နောက်မကျသည့် ကာလအတွင်း ဝန်ကြီးသည် အစိုးရကြွေးမြီစီမံခန့်ခွဲမှုဆောင်ရွက်ချက်များ၊ အစိုးရ၏ အာမခံချက်များနှင့် အစိုးရမှ ငွေထုတ်ချေးခြင်းများနှင့် စပ်လျဉ်းသည့် နှစ်ပတ်လည်အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။ ဝန်ကြီး၏ နှစ်ပတ်လည် အစီရင်ခံစာတွင် အောက်ပါတို့ကို ထည့်သွင်းဖော်ပြရမည် -

(က) ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာဆိုင်ရာ ရည်ရွယ်ချက်နှင့် အခြေခံသဘောတရားများ၊

(ခ) ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာဆိုင်ရာရည်ရွယ်ချက်များအောင်မြင်စေရန် အထောက်အကူပြုခဲ့သည့် ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာ သတင်းအချက်အလက်များနှင့် ယင်းသတင်းအချက်အလက်များကို အသုံးပြု၍ ဘဏ္ဍာရေးနှစ်အတွင်း ကြွေးမြီစီမံဆောင်ရွက်မှု အခြေအနေများ၊

(ဂ) သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း ချုပ်ဆိုသည့် ငွေချေးစာချုပ်အသစ်များ၏ စည်းကမ်း သတ်မှတ်ချက်များ၊

(ဃ) ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ၎င်း၏ လက်အောက်ခံအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက ချေးယူထားသောကြွေးမြီလက်ကျန်စုစုပေါင်း၊

(င) ပေးချေရန် ပျက်ကွက်နိုင်ဖွယ်ရှိသည့် အခြေအနေများကို ချေးငွေအမျိုးအစားအလိုက် သတ်မှတ်ဖော်ပြမှုပါဝင်သည့် ထုတ်ချေးငွေနှင့် ထပ်ဆင့်ချေးငွေများအားလုံး၏ စာရင်း၊

(စ) နိုင်ငံတော်က အာမခံပေးထားသော အာမခံချက်များအားလုံး၏စာရင်း။

၃၈။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် -

(က) ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေနှင့်အညီ အစိုးရ၏ ကြွေးမြီနှင့်စပ်လျဉ်းသော ဆောင်ရွက်ချက်များကို ထိရောက်စွာ ဆောင်ရွက်မှု ရှိ မရှိနှင့် ကြပ်မတ်ကွပ်ကဲမှု ရှိ မရှိကို နှစ်စဉ်စစ်ဆေးဆောင်ရွက်ရမည်။

(ခ) စာရင်းစစ်အစီရင်ခံစာနှင့် စာရင်းစစ်ဆေးတွေ့ရှိချက်များကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ တစ်ပြိုင်တည်း အစီရင်ခံတင်ပြရမည်။

## အခန်း (၁၂)
## ဝန်ကြီးဌာန၏ တာဝန်များ

၃၉။ ဝန်ကြီးဌာနသည် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုအတွက် ကြွေးမြီစာရင်း မှတ်တမ်းတင်ခြင်းနှင့်အစီရင်ခံခြင်းတို့ကို ဆောင်ရွက်ရန် တာဝန်ရှိသည်။

၄၀။ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ငွေချေးယူရေးအစီအစဉ်တို့ကို ပြုစု၍ ဝန်ကြီးဌာနအင်တာနက်စာမျက်နှာတွင်ဖော်ပြရန်၊

(ခ) အစိုးရကြွေးမြီနှင့်စပ်လျဉ်းသော စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ၊ အာမခံချက်များ၊ ထုတ်ချေးငွေများနှင့်သက်ဆိုင်သည့် နှစ်ပတ်လည်အစီရင်ခံစာကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာတွင်ဖော်ပြရန်၊

(ဂ) နိုင်ငံတော်၏ အာမခံချက်ရှိသည့် ကြွေးမြီဆိုင်ရာ သတင်းအချက်အလက်များ၊ စာအုပ်စာတမ်းစာစောင်များ ထုတ်ဝေဖြန့်ချိရန်၊

(ဃ) ဤဥပဒေနှင့် အစိုးရကြွေးမြီအတွက် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာတို့နှင့်အညီ ကြွေးမြီကို စီမံခန့်ခွဲရန်၊

(င) မြန်မာနိုင်ငံတွင် ထုတ်ဝေရောင်းချမည့် အစိုးရငွေချေးသက်သေခံလက်မှတ်များအတွက် ထုတ်ဝေရောင်းချမည့် အချိန်ဇယားကို ရေးဆွဲပြင်ဆင်ရန်၊

(စ) လေလံရလဒ်များ အတည်ပြုခြင်းအပါအဝင် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းကို စီမံခန့်ခွဲရန်၊

(ဆ) မြီရှင်များနှင့် ညှိနှိုင်းဆွေးနွေးမှုများတွင် ပါဝင်ဆောင်ရွက်ရန်နှင့် အစိုးရငွေချေးယူမှုများအားလုံးအတွက် ဝန်ကြီးအား အကြံပြုရန်၊

(ဇ) နိုင်ငံတော်၏ အာမခံချက်များ ထုတ်ပေးရာတွင် ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေများကို ဆန်းစစ်၍ ဝန်ကြီးထံသို့ အစီရင်ခံစာပြုစုတင်ပြရန်၊

(စျ) နိုင်ငံတော်၏ အာမခံချက်များကို ဖြည့်ဆည်းရန် အစိုးရက ကျခံသုံးစွဲခဲ့သောအတိုးငွေနှင့် အခြားအသုံးစရိတ်များအပါအဝင် ငွေပေးချေမှုများအားလုံးကို အရကောက်ခံရန်၊

(ည) ထုတ်ချေးငွေများအတွက် ဆုံးရှုံးနိုင်ခြေကို ဆန်းစစ်၍ ဝန်ကြီးထံသို့ အစီရင်ခံစာတင်ပြရန်၊

(ဎ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကြွေးမြီဆိုင်ရာအခြေအနေများကို အစီရင်ခံတင်ပြရန်နှင့် ကြွေးမြီအခြေအနေကို စောင့်ကြပ်ကြည့်ရှုရန်၊

(ဏ) အစိုးရကြွေးမြီလက်ကျန်များ၊ နိုင်ငံတော်၏ အာမခံချက်များနှင့် အစိုးရ၏ ထုတ်ချေးငွေများကို လျော်ကန်သောကြွေးမြီမှတ်တမ်းနှင့် စီမံခန့်ခွဲမှုစနစ်တစ်ရပ်ဖြင့် ပြည့်စုံပြီး မှန်ကန်သည့် မှတ်တမ်းများကို အချိန်အခါအလိုက်ထားရှိရန်၊

(ဍ) အစိုးရကြွေးမြီပေးဆပ်ရန် တာဝန်များနှင့်စပ်လျဉ်း၍ အကြံပြုရန်၊

(ပ) သက်ဆိုင်သည့်ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေများတွင် သက်ဆိုင်သည့် ကြွေးမြီပေးဆပ်မှုနှင့် ချေးငွေထုတ်ယူသုံးစွဲမှုများကို လျာထားမှုပြုစုရန်၊

(ဏ) ချေးငွေစာချုပ်များနှင့် ကြွေးမြီစီမံခန့်ခွဲမှုမှတ်တမ်းများကို လုံခြုံစိတ်ချသောနေရာတွင် စနစ်တကျ သိမ်းဆည်းထားရှိရန်၊

(တ) အစိုးရအဖွဲ့က စာချုပ်ချုပ်ဆို ချေးယူထားသော ချေးငွေများကို မှတ်တမ်းတင်ထားရှိရန်၊

(ထ) နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်းများထံထည့်ဝင်ရမည့်အစုရှယ်ယာအတွက် ပေးချေခြင်းနှင့် စုစုပေါင်းထည့်ဝင်ပြီးငွေများကို မှတ်တမ်းထားရှိရန်၊

(ဒ) အစိုးရအဖွဲ့၏ ချေးငွေရယူသုံးစွဲမှုများကို နှစ်ဖက်သဘောတူထားသော ချေးငွေရယူသုံးစွဲရေး အချိန်ဇယားနှင့်အညီ ကြီးကြပ်ကွပ်ကဲရန်၊

(ဓ) ကြွေးမြီပျက်ကွက်မှုများနှင့် အခြားပေးရန်တာဝန်များကို ငွေရေးကြေးရေးပိုင်ဆိုင်ခွင့်များ အစားထိုး ထုတ်ပေးခြင်းဖြင့် ရှင်းလင်းဆောင်ရွက်သည့်ကိစ္စရပ်များတွင် လျော်ကန်သည်ဟု ယူဆသည့် ငွေရေးကြေးရေးပိုင်ဆိုင်ခွင့်များ ထုတ်ပေးရန်အတွက် ပြင်ဆင်ရန်၊

(န) ဝန်ကြီးက ဆုံးဖြတ်သည့် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဆိုင်ရာ အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်။

## အခန်း (၁၃)

## တားမြစ်ချက်များ

၄၁။ မည်သူမျှ အောက်ပါတို့ကို မပြုလုပ်ရ -

(က) ဝန်ကြီး၏ ခွင့်ပြုချက်မရရှိဘဲ ငွေချေးယူခြင်း၊ ငွေချေးယူရန်အလို့ငှာ ညှိနှိုင်းခြင်း၊

(ခ) ပုဒ်မ ၃ တွင် ဖော်ပြထားသောကိစ္စတစ်ရပ်ရပ်မှအပ အခြားကိစ္စရပ်အတွက် ငွေချေးယူခြင်း၊

(ဂ) ဤဥပဒေနှင့်အညီ ငွေချေးယူခြင်းအတွက် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ခြင်း၊

(ဃ) ပုဒ်မ ၂၁၊ ပုဒ်မ ၂၃ နှင့် ပုဒ်မ ၂၅ တို့နှင့်အညီ ဝန်ကြီးဌာနသို့ပေးပို့ရမည့် သတင်းအချက်အလက်များ တင်ပြရန် ပျက်ကွက်ခြင်း။

၄၂။ ပုဒ်မ ၄၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူ မည်သူမဆို နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ အရေးယူခြင်းခံရမည်။

## အခန်း (၁၄)

## အထွေထွေ

၄၃။ ပုဒ်မ ၁၆ နှင့်အညီ မြန်မာနိုင်ငံတွင် ထုတ်ဝေရောင်းချသော အစိုးရငွေချေးသက်သေခံလက်မှတ်များ အားလုံးအပေါ် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းပါ ပြဋ္ဌာန်းချက်များအတိုင်း အခွန်ကျသင့်စေရမည်။

၄၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနက လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၅။ အစိုးရငွေချေးသက်သေခံလက်မှတ်များအားလုံးကို အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ မှတ်တမ်းတင်ခြင်း (Scripless) ဖြင့် ထုတ်ဝေရောင်းချသည့်အခါ The Government Securities Act (INDIA ACT X, 1920, Vol III) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် )

**ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေ

## (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃ ။)

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည်ထုတ်ပြန်ကြေညာပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့် နေ့ရက်မှစတင်၍ အာဏာတည်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း**ဆိုသည်မှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ ကုန်းလမ်းဖြင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက စီးပွားရေးအလို့ငှာ ငှားရမ်းခ၊ သယ်ယူပို့ဆောင်ခ သို့မဟုတ် အကျိုးကျေးဇူးတစ်ခုခုအတွက် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်တစ်စီးကိုသော်လည်းကောင်း၊ တစ်စီးထက်ပို၍သော်လည်းကောင်း အသုံးပြု၍ သယ်ယူပို့ဆောင်သောလုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် တစ်ဦးတစ်ယောက်သောသူက ဆောင်ရွက်သော ကုန်သွယ်မှု သို့မဟုတ် စီးပွားရေးကိစ္စတစ်ခုခုနှင့်စပ်လျဉ်း၍ သယ်ယူပို့ဆောင်သောလုပ်ငန်းလည်း ပါဝင်သည်။

(ဂ) **သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်**ဆိုသည်မှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ စီးပွားရေးကိစ္စအလို့ငှာ အများပြည်သူသွားလာသည့်လမ်းများပေါ်တွင် သယ်ယူပို့ဆောင်ရေးအတွက် စက်အား၊ လျှပ်စစ်အား သို့မဟုတ် အခြားစွမ်းအင်တစ်မျိုးမျိုးကို အသုံးပြု၍ မောင်းနှင်သော မော်တော်ယာဉ်ကိုသော်လည်းကောင်း၊ ဆွဲငင်သော မော်တော်ယာဉ်၊ ဝန်ဆွဲမော်တော်ယာဉ် သို့မဟုတ် နောက်တွဲတစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။

(ဃ) **သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ**ဆိုသည်မှာ ကုန်းလမ်းတွင် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်တစ်မျိုးမျိုးဖြင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူကို ဆိုသည်။

(င) **ဒေသဆိုင်ရာသဘောတူစာချုပ်**ဆိုသည်မှာ နိုင်ငံတော်ကစာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်သော ဒေသအတွင်း ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ပြီး သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါ သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်များနှင့် ပရိုတိုကောလ်များ ပါဝင်သည်။

(စ) **စာချုပ်ဝင်နိုင်ငံ**ဆိုသည်မှာ ဒေသဆိုင်ရာ သဘောတူစာချုပ်၏ အဖွဲ့ဝင်နိုင်ငံကို ဆိုသည်။

(ဆ) **အထူးငွေကြေး ထုတ်ယူပိုင်ခွင့်ယူနစ်**ဆိုသည်မှာ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က အထူးငွေကြေးထုတ်ယူပိုင်ခွင့်ယူနစ်ဆိုသည့်အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ ငွေကြေးထုတ်ယူခြင်းအတွက် အထူးသတ်မှတ်ထားသည့် ငွေကြေးစနစ်တစ်ခုကို ဆိုသည်။

(ဇ) **ကြိုတင်မမျှော်မှန်းနိုင်သောအခြေအနေ**ဆိုသည်မှာ သဘာဝဘေးအန္တရာယ် အပါအဝင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ကြိုတင်၍ သိမြင်နိုင်မှုနှင့် ရှောင်လွှဲနိုင်မှုမရှိသည့် အပြင် ဖြစ်ပေါ်လာသောအကျိုးဆက်ကိုကာကွယ်နိုင်မှု သို့မဟုတ် ထိန်းချုပ်မှုမပြုနိုင်ခြင်းကြောင့် ထိခိုက်မှု၊ ဆုံးရှုံးမှု သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်ရသော အခြေအနေကို ဆိုသည်။

(ဈ) **လုပ်ငန်းလိုင်စင်**ဆိုသည်မှာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူအား ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအမျိုးအစားအလိုက် ဦးစီးဌာနက ထုတ်ပေးသော စာတမ်းအမှတ်အသားကို ဆိုသည်။

(ည) **ခွင့်ပြုချက်**ဆိုသည်မှာ အခြားစာချုပ်ဝင်နိုင်ငံမှ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ပြည်တွင်းသို့ ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ ယာယီဝင်ရောက်ခွင့်အတွက်သော်လည်းကောင်း၊ နိုင်ငံတော်မှတစ်ဆင့် ဖြတ်သန်း၍ သယ်ယူပို့ဆောင်ခွင့်အတွက်သော်လည်းကောင်း ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုချက်ကို ဆိုသည်။

(ဋ) **အခကြေးငွေ**ဆိုသည်မှာ ဤဥပဒေအရ ကောက်ခံသည့် လုပ်ငန်းလိုင်စင်ခ၊ လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ခ၊ ခွင့်ပြုချက်အတွက် ဝန်ဆောင်ခနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ အခြားအခကြေးငွေများကို ဆိုသည်။

(ဎ) **အမျိုးသားကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကုန်းလမ်းသယ်ယူပို့ဆောင်မှု လျင်မြန်ချောမွေ့စေရေးအမျိုးသားကော်မတီကို ဆိုသည်။

(ဍ) **ဒေသဆိုင်ရာကြီးကြပ်ကွပ်ကဲရေးအဖွဲ့**ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ကို ဆိုသည်။

(ဎ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဏ) **ဦးစီးဌာန**ဆိုသည်မှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနကို ဆိုသည်။

(တ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာန**ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကိုဆိုသည်။

(ထ) **ခရိုင်ဦးစီးဌာန**ဆိုသည်မှာ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ဒ) **မြို့နယ်ဦးစီးဌာန**ဆိုသည်မှာ မြို့နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ဓ) **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဌာန**ဆိုသည်မှာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အတွင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စနစ်တကျကြီးကြပ်ကွပ်ကဲ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်။

(ခ) နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးနှင့် လမ်းပန်းဆက်သွယ်မှုတိုးတက်စေရန်အတွက် ပုဂ္ဂလိကခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးလိုအပ်ချက်များအား ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရန်။

(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများစနစ်တကျရှိရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေနှင့် အညီ လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများထုတ်ပြန်၍ ပြဋ္ဌာန်းဆောင်ရွက်နိုင်ရန်။

(ဃ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကဏ္ဍမှ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကိုထိခိုက်စေနိုင်သည့်အကြောင်းများ လျော့ပါးစေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ရန်။

(င) မော်တော်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာဌာန၊အဖွဲ့အစည်း များနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်။

(စ) နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ သဘောတူစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ချောမွေ့စွာဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## အမျိုးသားကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များနှင့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် အမျိုးသားကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (၂) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ အသီးသီးမှ<br>ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဆိုင်ရာဝန်ကြီးများ | အဖွဲ့ဝင် |
| (၁၂) | သက်ဆိုင်ရာ၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ<br>အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (၁၃) | ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍<br>ကျွမ်းကျင်သူပညာရှင်များ | အဖွဲ့ဝင် |
| (၁၄) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

(ခ) ကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်တွင်းနှင့် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် လွယ်ကူချောမွေ့အဆင်ပြေရေးတို့အတွက် မူဝါဒများ ချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့အဆင်ပြေရေး စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီမံချက်များချမှတ်ပြီး ဒေသဆိုင်ရာကြီးကြပ် ကွပ်ကဲရေး အဖွဲ့များဖွဲ့စည်းပေးခြင်းနှင့် လိုအပ်သောလုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဂ) အမျိုးသားကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ အောင်မြင်စွာ ဆောင်ရွက်ရန်အလို့ငှာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ၊ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီနှင့် ဒေသဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များအား တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊

(ဃ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် မော်တော်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်များကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးတို့အတွက် စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(င) ကုန်စည်နှင့် ခရီးသည်များအား လိုအပ်သောနေရာဒေသသို့ လိုအပ်သောအချိန်ကာလအတွင်း လိုအပ်သော အရေအတွက်ရောက်ရှိစေရေး၊ သွားလာလွယ်ကူမှုအဆင်ပြေစေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) သဘာဝဘေးအန္တရာယ် အပါအဝင် အများပြည်သူအကျိုးငှာ အခြားအရေးပေါ်ကိစ္စများတွင် အသုံးပြုရန် နိုင်ငံတော်အဆင့် အဖွဲ့အစည်းများက တာဝန်ပေးအပ်လာသည့်အခါ သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်များကို တာဝန်ပေးအပ်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးခြင်း၊

(ဆ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် စည်းကမ်းချက်များ၊ ကန့်သတ်ချက်များ ညှိနှိုင်း သတ်မှတ်ခြင်း၊ အထူးသဖြင့် မော်တော်ယာဉ်လိုင်းများ၊ မော်တော်ယာဉ်ဂိတ်များ၊ မော်တော်ယာဉ် အသင်းများ၊ ခရီးစဉ်များ၊ သွားလာမည့်ခရီးစဉ်အရေအတွက်၊ ကုန်စည်ဂိတ်များ၊ ကုန်တင်ကုန်ချ ပြုလုပ်ရန်နေရာများနှင့်ဒေသများ၊ ခရီးသည်နှင့်ကုန်စည်သယ်ဆောင်ခနှုန်းထားများသတ်မှတ်ရေး အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးခြင်း၊

(ဇ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့အဆင်ပြေစေရေးနှင့်မော်တော်ယာဉ် အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးတို့အတွက် ကြီးကြပ်ဆောင်ရွက်နိုင်ရန်လိုအပ်သည့် အဖွဲ့အစည်းများကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊ ယင်းအဖွဲ့များ၏ ဆောင်ရွက်မှုကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဈ) နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လွယ်ကူချောမွေ့ အဆင်ပြေစွာ ဆောင်ရွက်နိုင်စေရန် ဒေသဆိုင်ရာ သဘောတူစာချုပ်များနှင့်အညီ ဒေသအတွင်းရှိ အခြားစာချုပ်ဝင်နိုင်ငံများနှင့်ဆက်သွယ်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို လမ်းညွှန်မှု ပေးခြင်း၊

(ည) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သောလုပ်ငန်းတာဝန်များ ဆောင်ရွက်ပေးခြင်း။

## အခန်း (၄)

## ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းကော်မတီနှင့် နယ်စပ်ဖြတ်ကျော်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၇။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ကျွမ်းကျင်သော ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူး အဖြစ်လည်းကောင်းပါဝင်သည့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်း ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်း ကော်မတီကို ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို ထည့်သွင်း ဖွဲ့စည်းနိုင်သည်။

(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်ထားရမည်။

၉။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးတစ်ဦးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ကျွမ်းကျင်သောပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် လည်းကောင်း ပါဝင်သည့်နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ နယ်စပ်ဖြတ်ကျော်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

(ဂ) နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်း ကော်မတီ၏ လုပ်ငန်းတာဝန်များကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်ထားရမည်။

## အခန်း (၅)
## ဒေသဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များ

၁၁။ အမျိုးသားကော်မတီသည် -

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ကြီးကြပ် ကွပ်ကဲရန် ဒေသဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များကို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းဖွဲ့စည်းပြီး တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် သက်ဆိုင်ရာဒေသရှိ ဦးစီးဌာနမှ တာဝန်ခံအရာရှိကို ယင်းဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၏ အတွင်းရေးမှူးအဖြစ် ထည့်သွင်းဖွဲ့စည်းရမည်။

၁၂။ ဒေသဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များသည် မိမိ၏ ဆောင်ရွက်ချက်များကို သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအတိုင်း အမျိုးသားကော်မတီသို့ အစီရင်ခံစာ တင်သွင်းရမည်။

## အခန်း (၆)
## လုပ်ငန်းလိုင်စင်ဆိုင်ရာ ကိစ္စရပ်များ

၁၃။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ရန် လျှောက်ထားသူသည် -

(က) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ကုန်စည်ပျက်စီးမှု၊ ပျောက်ဆုံးမှု သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုအတွက် လုံလောက်စွာ ပေးလျော်နိုင်စွမ်းရှိသူ ဖြစ်ရမည်။

(ခ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများအရ သတ်မှတ်ထားသည့် လိုအပ်ချက်များနှင့်ကိုက်ညီသူ ဖြစ်ရမည်။

(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်စည်းမျဉ်း စည်းကမ်းများ ဖောက်ဖျက်မှုအတွက် နာမည်ပျက်စာရင်းထည့်သွင်းခံထားရသူမဖြစ်စေရ။

(ဃ) ထောင်ဒဏ်ကျခံနေရသူ မဖြစ်စေရ။

(င) သက်ဆိုင်ရာ တရားရုံးက လူမွဲအဖြစ် ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ မဖြစ်စေရ။

## အခန်း (၇)
## ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခြင်း

၁၄။ ဦးစီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနက လုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်း၍ လုပ်ငန်းအခြေအနေ၊ သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ် အခြေအနေနှင့် လိုအပ်ပါက သင့်လျော်သော ခရိုင်နှင့် မြို့နယ်ဦးစီးဌာနတို့ကို လုပ်ငန်းလိုင်စင်ထုတ်ပေးပိုင်ခွင့်နှင့် စီမံခန့်ခွဲရေးအရ အရေးယူပိုင်ခွင့်တို့ကို လွှဲအပ်တာဝန်ပေးနိုင်သည်။

၁၅။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ရန် လျှောက်ထားသူသည် ပုဒ်မ ၁၃ ပါ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သယ်ယူပို့ဆောင်ခြင်းဖြစ်လျှင် လုပ်ငန်းလိုင်စင်ရရှိရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနသို့ဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနသို့ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီလျှောက်ထားရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ သယ်ယူပို့ဆောင်ခြင်းဖြစ်လျှင် လုပ်ငန်းလိုင်စင် ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှတစ်ဆင့် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ ဦးစီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ -

(က) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) အရ လုပ်ငန်းလိုင်စင်လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားနှင့် သယ်ယူပို့ဆောင်မည့်မော်တော်ယာဉ် အလိုက် လုပ်ငန်းလိုင်စင်ခကိုပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ထုတ်ပေးရမည်။

၁၇။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) အရ လုပ်ငန်းလိုင်စင် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားနှင့်သယ်ယူပို့ဆောင်မည့်မော်တော်ယာဉ်အလိုက် လုပ်ငန်းလိုင်စင်ခကို ပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၁၈။ လုပ်ငန်းလိုင်စင်လျှောက်ထားသူသည် ၎င်း၏ဆန္ဒအရ လုပ်ငန်းလိုင်စင်သက်တမ်းကို တစ်နှစ်မှ သုံးနှစ်အထိ လျှောက်ထားနိုင်သည်။

၁၉။ လုပ်ငန်းလိုင်စင်ရရှိသူသည် -

(က) သတ်မှတ်ထားသော လုပ်ငန်းလိုင်စင်စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) သယ်ယူပို့ဆောင်မည့်ခရီးသည်အတွက် သူတစ်ပါးထိခိုက်မှုအာမခံကိုလည်းကောင်း၊ ကုန်စည်အတွက် ကုန်းလမ်းကုန်ပစ္စည်းအာမခံကိုလည်းကောင်း တည်ဆဲဥပဒေနှင့်အညီ ထားရှိပြီးဖြစ်ရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သယ်ယူပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ကိုသော်လည်းကောင်း၊ လုပ်ငန်းလိုင်စင်အရအသုံးပြုသည့် မော်တော်ယာဉ်ကိုသော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းခွင့်ရှိသည်။

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ သယ်ယူပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ကိုသော်လည်းကောင်း၊ လုပ်ငန်းလိုင်စင်အရအသုံးပြုသည့်မော်တော်ယာဉ်ကိုသော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းခွင့်ရှိသည်။

၂၀။ လုပ်ငန်းလိုင်စင်ရရှိသူသည် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက သတ်မှတ်ထားသည့် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သယ်ယူပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနသို့လည်းကောင်း၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနသို့လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ သယ်ယူပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ၊ ဦးစီးဌာနကလွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ ဦးစီးဌာန၏လမ်းညွှန်ချက်နှင့်အညီ -

(က) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သယ်ယူပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး ခွင့်ပြုခြင်း၊ ပြန်လည်ပြင်ဆင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ခကို ပေးသွင်းစေပြီး စည်းကမ်းချက်များသတ်မှတ်၍ သက်တမ်းတိုးမြှင့်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က) အရ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို လက်ခံရရှိသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခွင့်ပြုခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို လျှောက်ထားသူသို့ ပြန်လည်အကြောင်းကြားရမည်။

၂၂။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ သယ်ယူပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး ခွင့်ပြုခြင်း၊ ပြန်လည်ပြင်ဆင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ခကို ပေးသွင်းစေပြီး စည်းကမ်းချက်များသတ်မှတ်၍ သက်တမ်းတိုးမြှင့်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က) အရ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခွင့်ပြုခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို လျှောက်ထားသူသို့ ပြန်လည်အကြောင်းကြားရမည်။

၂၃။ ဦးစီးဌာနကဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ၊ ဦးစီးဌာနကလွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ မိမိ၏သဘောဆန္ဒအရ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး၏ လျှောက်ထားချက်အရ -

(က) အရေးတကြီး သို့မဟုတ် အထူးလိုအပ်ချက်များကိုဖြည့်တင်းဆောင်ရွက်ရန် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို စီမံထားရှိရေးအတွက် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ရန် တစ်ကြိမ်လျှင် ရက်ပေါင်း ၃၀ ထက် မပိုသောကာလအတွက် အများဆုံးသုံးကြိမ်အထိ ယာယီခွင့်ပြုလက်မှတ် ထုတ်ပေးနိုင်သည်။ ထိုသို့ ထုတ်ပေးခြင်းသည် လုပ်ငန်းလိုင်စင်ထုတ်ပေးရန်အကြောင်းဖြစ်သည်ဟု မမှတ်ယူရ၊

(ခ) လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် နည်းလမ်းတကျတင်သွင်းသည့်လျှောက်လွှာကို စိစစ်ရာ၌ ကြိုတင်မမျှော်မှန်းနိုင်သော အခြေအနေတစ်ရပ်တွင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ရန် ရက်ပေါင်း ၃၀ ထက် မပိုသောကာလအတွက် တစ်ကြိမ်သာ ယာယီခွင့်ပြုလက်မှတ်ထုတ်ပေးနိုင်သည်။

၂၄။ အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ်ပေါ်ပေါက်လာပါက လုပ်ငန်းလိုင်စင် ရပ်စဲစေရမည် -

(က) လုပ်ငန်းလိုင်စင်ရရှိထားသူက ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုမှု မရှိတော့ကြောင်း လျှောက်ထားခြင်း၊

(ခ) လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးခြင်း။

၂၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနနှင့် ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင်နှင့် မြို့နယ်ဦးစီးဌာနတို့သည် လုပ်ငန်းလိုင်စင်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ အစီရင်ခံရမည်။

## အခန်း (၈)

## နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခြင်း

၂၆။ ပြည်တွင်းမှ နယ်စပ်ဖြတ်ကျော်၍အခြားစာချုပ်ဝင်နိုင်ငံတစ်ခုခုသို့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် -

(က) ပုဒ်မ ၁၃ ပါ လိုအပ်ချက်များနှင့် ကိုက်ညီသူ ဖြစ်ရမည်။

(ခ) နိုင်ငံခြားသားနှင့်ဖက်စပ်လုပ်ငန်းလုပ်ကိုင်လျှင် မြန်မာနိုင်ငံသားသည်မတည်ငွေရင်း၏ထက်ဝက်ကျော်ကို ပိုင်ဆိုင်ရမည့်အပြင် စီမံခန့်ခွဲမှုအပိုင်းတွင် နိုင်ငံခြားသားထက် ပိုမို၍ စီမံခန့်ခွဲပိုင်ခွင့်ရှိရမည်။

(ဂ) နိုင်ငံတော်၏ နယ်စပ်ကိုဖြတ်ကျော်၍ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ သယ်ယူပို့ဆောင်သည့် အတွေ့အကြုံရှိသူနှင့် လုပ်ငန်းကျွမ်းကျင်သူ ဖြစ်ရမည်။

(ဃ) နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့်သက်ဆိုင်သည့် ပြည်တွင်းနှင့် အခြားစာချုပ်ဝင်နိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို လိုက်နာရမည်။

၂၇။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ပုဒ်မ ၂၆ ပါ သတ်မှတ်ချက်များနှင့်ညီညွတ်ပြီး နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကိုလုပ်ကိုင်လိုပါက လုပ်ငန်းလိုင်စင်ရရှိရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၈။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၂၇ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်းလိုင်စင်ခကိုပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များသတ်မှတ်၍ လုပ်ငန်းလိုင်စင်ထုတ်ပေးရမည်။

၂၉။ အခြားစာချုပ်ဝင်နိုင်ငံမှ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ပြည်တွင်းသို့ ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ ယာဉ်ဝင်ရောက်ရန်ရှိလျှင်သော်လည်းကောင်း၊ နိုင်ငံတော်မှတစ်ဆင့်ဖြတ်သန်း၍ သယ်ယူပို့ဆောင်ရန် ရှိလျှင်သော်လည်းကောင်း အောက်ပါကိစ္စများမှအပ ခွင့်ပြုချက်ရရှိရန်နယ်စပ်ဖြတ်ကျော်ကုန်းလမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီသို့ လျှောက်ထားရမည် -

(က) ကိုယ်ပိုင်ကိစ္စအတွက် သယ်ယူပို့ဆောင်ခြင်းဖြစ်ကြောင်း မိခင်စာချုပ်ဝင်နိုင်ငံက သက်သေခံ လက်မှတ်ထုတ်ပေးထားခြင်း၊

(ခ) စီးပွားရေးကိစ္စအတွက် ပြေးဆွဲခြင်းမဟုတ်သည့် မော်တော်ယာဉ်၊

(ဂ) အသုဘ ပို့ဆောင်ခြင်း၊

(ဃ) လူနာတင်မော်တော်ယာဉ်၊ မီးသတ်ယာဉ်၊ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးမော်တော်ယာဉ် ဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများမှလည်းကောင်း အရေးပေါ် အကူအညီပေးခြင်းလုပ်ငန်းများ။

၃၀။ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်း ကော်မတီသည် -

(က) ပုဒ်မ ၂၉ အရလျှောက်ထားချက်ကို ဆောလျင်စွာစိစစ်၍ မိမိနိုင်ငံအတွင်းရှိ နယ်စပ်စစ်ဆေးရေး စခန်းတွင် စစ်ဆေးခြင်းများပြုလုပ်ပြီး စာချုပ်ဝင်နိုင်ငံတစ်ခုအတွက် ခွင့်ပြုချက်ထုတ်ပေးနိုင်သည့် ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်သော ခွဲတမ်းခေါက်ရေ (Quota) မကျော်လွန်ပါက သတ်မှတ်ထားသည့်ပုံစံဖြင့် တစ်နှစ်ထက်မပိုသော ကာလအထိ စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက်ထုတ်ပေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ စစ်ဆေးနိုင်ရန် မိမိနိုင်ငံအတွင်း၌ နယ်စပ်စစ်ဆေးရေးစခန်းဖွင့်လှစ်ထားရှိ ရမည်။ ထိုသို့ ဖွင့်လှစ်ထားသည့် နယ်စပ်စစ်ဆေးရေးစခန်းတွင် စစ်ဆေးရေးအဖွဲ့တာဝန်ကျသူ များက နယ်စပ်ဖြတ်ကျော်၍ ဝင်ရောက်လာသည့်လူများ၊ ကုန်စည်များနှင့် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်ကို တစ်ပြိုင်နက်တည်း တစ်ချိန်တည်း စစ်ဆေးစေရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ စစ်ဆေးရာတွင် နယ်နိမိတ်ချင်းဆက်စပ်နေသော စာချုပ်ဝင်နိုင်ငံနှစ်နိုင်ငံ စစ်ဆေးရေးအဖွဲ့များက ပူးတွဲ၍ စစ်ဆေးစေရမည်။ ထိုသို့စစ်ဆေးရာတွင် မိမိနိုင်ငံ၏ စစ်ဆေးရေး အဖွဲ့ဝင်များကို အခြားစာချုပ်ဝင်နိုင်ငံသို့ ထွက်ခွာခွင့်နှင့် အခြားစာချုပ်ဝင်နိုင်ငံ၏ စစ်ဆေးရေး အဖွဲ့ဝင်များကို ပြည်တွင်းသို့ ဝင်ခွင့်ပြုနိုင်သည်။

(ဃ) ခွင့်ပြုချက် ထုတ်ပေးနိုင်ရေးအတွက် စစ်ဆေးရေးအဖွဲ့ဝင်များဖြင့် စစ်ဆေးရာတွင် လွယ်ကူ ချောမွေ့အဆင်ပြေရေးနှင့် မလိုအပ်သော နှောင့်နှေးကြန့်ကြာမှုများ၊ အဟန့်အတားများ မရှိစေရေးတို့အတွက် ကြီးကြပ်ကွပ်ကဲရမည်။

(င) နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ဝင်ရောက်သည့် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်အား ပြည်တွင်းတွင် သယ်ယူပို့ဆောင်ရမည့် သတ်မှတ်ထားသော လမ်းကြောင်းနှင့် ခရီးစဉ်အတိုင်း ပြေးဆွဲခြင်း ရှိ မရှိ၊ ခရီးသည်နှင့် ကုန်စည်အတင်အချပြုလုပ်ခြင်း ရှိမရှိ၊ သတ်မှတ်ထားသည့် အချိန်ဇယားအတိုင်း သွားလာခြင်း ပြန်လည်ထွက်ခွာခြင်း ရှိမရှိ စစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးစေခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းပြုရမည်။

(စ) အခြားစာချုပ်ဝင်နိုင်ငံတစ်ခုခုမှ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူအား တရားဝင် ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်ကို သတ်မှတ်ချက်များနှင့်အညီ အသိအမှတ်ပြုပြီး ပြည်တွင်းသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်ပြုရမည်။

(ဆ) ပြည်ပမှ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက နိုင်ငံတော်မှတစ်ဆင့် ဖြတ်သန်း၍ အခြားစာချုပ်ဝင်နိုင်ငံသို့ သယ်ယူပို့ဆောင်သည့် ကုန်စည်များအတွက် အခြားအခွန်အခများမှအပ အကောက်ခွန် ကင်းလွတ်ခွင့်ပြုရမည်။

(ဇ) အခြားစာချုပ်ဝင်နိုင်ငံတစ်ခုမှ နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ဝင်ရောက်သည့် ကုန်စည်များ အတွက် အကောက်ခွန်နှင့် အခြားအခွန်အခများကို သတ်မှတ်ချက်များနှင့်အညီ ကောက်ခံရမည်။

၃၁။ နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ဝင်ရောက်သည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ယာဉ်မောင်းနှင့် ယာဉ်အကူများသည် ၎င်းတို့၏ သက်တမ်းရှိ နိုင်ငံကူးလက်မှတ် သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ခရီးသွားလက်မှတ်ကို ကိုင်ဆောင်ထားရမည်ဖြစ်ပြီး ဒေသဆိုင်ရာ သဘောတူစာချုပ်အရဖြစ်စေ၊ အခြားစာချုပ်ဝင်နိုင်ငံနှင့် နှစ်နိုင်ငံ သဘောတူစာချုပ်အရဖြစ်စေ ဗီဇာကင်းလွတ်ခွင့်ပြုမထားလျှင် ဗီဇာ သို့မဟုတ် အနည်းဆုံးတစ်နှစ်အတွင်း အကြိမ်ကြိမ်ဝင်ထွက်ခွင့်ဗီဇာထုတ်ပေးရန် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီသို့ သတ်မှတ်ချက်များနှင့် အညီ လျှောက်ထားရမည်။

၃၂။ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်း ကော်မတီသည် ပုဒ်မ ၃၁ အရ လျှောက်ထားချက်ကို စိစစ်ပြီး ဒေသဆိုင်ရာ သဘောတူစာချုပ်အရဖြစ်စေ၊ အခြားစာချုပ်ဝင်နိုင်ငံနှင့် နှစ်နိုင်ငံသဘောတူစာချုပ်အရဖြစ်စေ ဗီဇာကင်းလွတ်ခွင့်ပြုမထားလျှင် သက်ဆိုင်ရာ အစိုးရဌာနနှင့် ညှိနှိုင်းပြီး လျှောက်ထားသူအား ဗီဇာ သို့မဟုတ် အနည်းဆုံးတစ်နှစ်အတွင်း အကြိမ်ကြိမ် ဝင်ထွက်ခွင့်ဗီဇာ ထုတ်ပေးနိုင်သည်။

၃၃။ ပြည်ပမှ နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ဝင်ရောက်ခြင်းနှင့် စပ်လျဉ်း၍ -

(က) အခြားစာချုပ်ဝင်နိုင်ငံတွင် မှတ်ပုံတင်ထားသည့် သက်တမ်းရှိ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံ လက်မှတ်ကို မော်တော်ယာဉ် နှင့်အတူ သယ်ဆောင်ထားရှိရမည်။ ထို့ပြင် မှတ်ပုံတင်နံပါတ်ပြားကို သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်၏ ရှေ့နှင့်နောက်တွင် တပ်ဆင်ထားပြီး မှတ်ပုံတင်ထားသည့် နိုင်ငံ၏ အမှတ်အသားကို သိသာထင်ရှားအောင် ပြသထားရမည်။

(ခ) သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်သည် နိုင်ငံတော်က သတ်မှတ်ထားသော မော်တော်ယာဉ် အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စံချိန်စံညွှန်းများ၊ မီးခိုးထုတ်လွှတ်မှုနှင့် လေထုညစ်ညမ်းမှုစံချိန် စံညွှန်းများနှင့် မော်တော်ယာဉ် ဝန်တင်ခံနိုင်ရည် အလေးချိန်စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်။

(ဂ) အခြားစာချုပ်ဝင်နိုင်ငံက ထုတ်ပေးထားသည့် မော်တော်ယာဉ်မှာ ကြံ့ခိုင်ကောင်းမွန်ကြောင်း စစ်ဆေးထားသည့် မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်ပါရှိရမည်ဖြစ်ပြီး လုပ်ငန်းကော်မတီကဖွဲ့စည်းပေးသည့် စစ်ဆေးရေးအဖွဲ့သည် ထိုမော်တော်ယာဉ်စစ်ဆေးခြင်း လက်မှတ်ကို အသိအမှတ်ပြုရမည်။

(ဃ) ပြည်တွင်းသို့ ဝင်ရောက်သည့် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်၏ ပိုင်ရှင်သည် ထိုမော်တော် ယာဉ်အတွက် နိုင်ငံတော်၏ တည်ဆဲဥပဒေနှင့်အညီ သူတစ်ပါးထိခိုက်မှုအာမခံထားရှိရမည်။

(င) အခြားစာချုပ်ဝင်နိုင်ငံတွင် မှတ်ပုံတင်ထားသည့် သက်တမ်းရှိမော်တော်ယာဉ်မှတ်ပုံတင်သက်သေခံ လက်မှတ်မှာ သတ်မှတ်ချက်များနှင့်ညီညွတ်ပါက ထိုမော်တော်ယာဉ်အတွက် ယာယီအသိအမှတ်ပြု လက်မှတ်ထုတ်ပေးရမည်။

၃၄။ ပြည်တွင်းမှ နယ်စပ်ဖြတ်ကျော်၍ အခြားစာချုပ်ဝင်နိုင်ငံအတွင်းသို့ သယ်ယူပို့ဆောင်သည့် သယ်ယူ ပို့ဆောင်ရေးမော်တော်ယာဉ်နှင့်စပ်လျဉ်း၍ မော်တော်ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူ တို့သည် ပုဒ်မ ၃၃ ပါ ပြဋ္ဌာန်းချက်များကို အပြန်အလှန် အသိအမှတ်ပြု လိုက်နာဆောင်ရွက်ရမည်။

၃၅။ နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ဝင်ရောက်သည့် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်၏ ယာဉ်မောင်းနှင့် ယာဉ်အကူတို့သည် -

(က) အိမ်ရှင်စာချုပ်ဝင်နိုင်ငံမှ ထုတ်ပေးထားသည့် သက်တမ်းရှိ ယာဉ်မောင်းလိုင်စင် သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ်ကို ယာဉ်မောင်းနှင့်အတူ တစ်ပါတည်းပါရှိရမည်။

(ခ) အိမ်ရှင်စာချုပ်ဝင်နိုင်ငံမှ ထုတ်ပေးထားသည့် သက်တမ်းရှိ ယာဉ်အကူလက်မှတ်ကို ယာဉ်အကူနှင့် အတူ တစ်ပါတည်းပါရှိရမည်။

(ဂ) မော်တော်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ကပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်။

၃၆။ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်း ကော်မတီသည် ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကိုင်ဆောင်ထားသည့် ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလက်မှတ်တို့ကို စိစစ်ပြီး ယာယီအသိအမှတ်ပြု လက်မှတ်ထုတ်ပေးရမည်။

၃၇။ ဒေသဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ နိုင်ငံတော်၏ နယ်စပ်ကိုဖြတ်ကျော်၍ သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူ၊ မော်တော်ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်အကူနှင့် သက်ဆိုင်ရာ တာဝန်ရှိသူတို့သည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည် -

(က) ဘေးအန္တရာယ်ရှိသော ကုန်စည်များ သယ်ယူပို့ဆောင်ခြင်း၊

(ခ) နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်များ မှတ်ပုံတင်ခြင်း၊

(ဂ) ပုပ်သိုးပျက်စီးလွယ်သောကုန်စည်များ သယ်ယူပို့ဆောင်ခြင်း၊

(ဃ) နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရာတွင် လွယ်ကူချောမွေ့စေရန်ဆောင်ရွက်ခြင်း၊

(င) သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၊ ယာဉ်မောင်း၊ ယာဉ်အကူနှင့် ခရီးသည်များ နယ်စပ်ဖြတ်ကျော် ဝင်ရောက်ခြင်း၊

(စ) စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံမှတစ်ဆင့် ဖြတ်သန်းခြင်းနှင့် ပြည်တွင်းအကောက်ခွန်ရှင်းလင်းခြင်း၊

(ဆ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ စည်းမျဉ်းများနှင့် အချက်ပြစနစ်များ၊

(ဇ) သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်များ ယာယီတင်သွင်းခြင်းဆိုင်ရာကိစ္စရပ်များ၊

(ဈ) နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများအား လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်း၊

(ည) ကုန်စည်များ သယ်ယူပို့ဆောင်ရာတွင် စည်းကမ်းချက်များသတ်မှတ်ခြင်း၊

(ဋ) လမ်း၊ တံတားဒီဇိုင်းနှင့် ဆောက်လုပ်ရေး စံချိန်စံညွှန်းများ၊ အဆင့်အတန်း အသေးစိတ်ဖော်ပြချက် များနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊

(ဌ) နယ်စပ်ဖြတ်ကျော်ခြင်းနှင့်စာချုပ်ဝင်နိုင်ငံမှတစ်ဆင့်ဖြတ်သန်းရာတွင် လွယ်ကူအဆင်ပြေစေခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း၊

(ဍ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးထက်ပို၍ သယ်ယူပို့ဆောင်ရာတွင် လျော်ကြေး ပေးလျော်ရန် တာဝန်၊

(ဎ) ကွန်တိန်နာအပေါ် အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊

(ဏ) ကုန်စည်အမျိုးအစား ခွဲခြားသတ်မှတ်ခြင်းစနစ်၊

(တ) ယာဉ်မောင်းလိုင်စင်အတွက် လိုအပ်ချက်များ၊

(ထ) နယ်စပ်ဖြတ်ကျော်၍သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်များ အဝင်အထွက်ဂိတ်သတ်မှတ်ခြင်းနှင့် လမ်းကြောင်း သတ်မှတ်ခြင်း၊

(ဒ) နိုင်ငံဖြတ်ကျော်၍ သယ်ယူပို့ဆောင်ရာတွင် ကောက်ခံမည့် အခကြေးငွေများ၊

(ဓ) နိုင်ငံဖြတ်ကျော်၍ မော်တော်ယာဉ်ဝင်ထွက်နိုင်သည့် ခေါက်ရေအကြိမ်၊ စီးရေ၊ ဝန်ဆောင်မှု ပေးနိုင်သည့် စွမ်းအား၊ ခွင့်ပြုချက်ပေးနိုင်သည့်ခွဲတမ်း အရေအတွက်။

## အခန်း (၉)

## သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်နှင့် ပေးရန်တာဝန်ရှိမှုများ

၃၈။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ကုန်စည်ကို တာဝန်ယူ၍ ပို့ဆောင်ရန်လက်ခံသည့် အချိန်မှစ၍ သဘောတူညီချက်အရ ကုန်စည်ကို လွှဲပြောင်းပေးပို့ပြီးသည့်အချိန်အထိ ထိုကုန်စည်အတွက် တာဝန်ရှိသည်။

၃၉။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် မိမိ၏လုပ်ငန်းတာဝန်များကိုဆောင်ရွက်နေစဉ်အတွင်း မိမိ၏ ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်၏ပြုလုပ်မှုနှင့် ပျက်ကွက်မှုများအတွက်သော်လည်းကောင်း၊ အခြား ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ထပ်ဆင့်ချုပ်ဆိုသည့်ပဋိညာဉ်အရ ဆောင်ရွက်ရာတွင် ထိုသူ၏ ပြုလုပ်မှုနှင့် ပျက်ကွက်မှု များအတွက်သော်လည်းကောင်း မိမိကိုယ်တိုင်ပြုလုပ်မှုနှင့်ပျက်ကွက်မှုဖြစ်ဘိသကဲ့သို့ တာဝန်ရှိစေရမည်။

၄၀။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် -

(က) ကုန်စည်ကို လက်ခံသည့်အခါ အရေအတွက်၊ အလေးချိန်နှင့်မြင်သာသည့်ကုန်စည်အခြေအနေ တို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကိုကုန်ပို့လွှာတွင်ရေးမှတ်ရမည်။ ထိုသို့ စစ်ဆေးတွေ့ရှိချက်ကို ရေးမှတ်ခြင်းမပြုပါက ကုန်စည်မှာ ကောင်းမွန်သည့် အခြေအနေတွင်ရှိသည်ဟု မှတ်ယူရမည်။

(ခ) ကုန်ပို့လွှာတွင် ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် အသေးစိတ် အချက်များ ပါရှိစေရမည်။

(ဂ) ကုန်ပို့လွှာတွင် လက်မှတ်ရေးထိုးပြီး ကုန်ပို့လွှာ ၃ စောင်ပြုစုရမည်။ ပထမမူရင်းကုန်ပို့လွှာ ၁ စောင်ကို ကုန်စည်အပ်နှံသူသို့လည်းကောင်း၊ မူရင်းခွဲကုန်ပို့လွှာ ၁ စောင်ကို ကုန်စည်များနှင့် အတူ တစ်ပါတည်း ကုန်စည်ကို သယ်ယူပို့ဆောင်သည့် မော်တော်ယာဉ်သို့လည်းကောင်း၊ ဒုတိယ မူရင်းခွဲကုန်ပို့လွှာ ၁ စောင်ကို သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသို့လည်းကောင်းပေးရမည်။

(ဃ) ကုန်ပို့လွှာတွင် သီးခြားသဘောတူညီချက်မပါရှိလျှင် ကုန်စည်အပ်နှံသူ၏ အခွင့်အရေးအရ ၎င်း၏ ကုန်စည်ကို စီမံခန့်ခွဲပိုင်ခွင့်၊ လမ်းခရီးတွင် ရပ်တန့်ခွင့် သို့မဟုတ် အခြားကုန်စည်လက်ခံသူသို့ ပြောင်းလဲပေးပို့ခွင့်ကို အသိအမှတ်ပြုရမည်။

(င) ကုန်ပို့လွှာတွင် သီးခြားသဘောတူညီချက်ပါရှိပါက မူလကုန်စည်တင်ပို့ရာနေရာသို့ ပြန်ပို့ခွင့် သို့မဟုတ် အခြားခရီးစဉ်သို့ ပြောင်းလဲခွင့်နှင့်စပ်လျဉ်း၍ ကုန်စည်အပ်နှံသူနှင့် ညှိနှိုင်းဆောင်ရွက် ရမည်။

၄၁။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် -

(က) ကုန်စည်သယ်ယူပို့ဆောင်ရေး ပဋိညာဉ်အရ တာဝန်ယူပို့ဆောင်ရန် ကုန်စည်ကို စတင်လက်ခံသည့် အချိန်မှစ၍ မိမိကိုယ်တိုင်တာဝန်ယူဆောင်ရွက်ရာတွင်ဖြစ်စေ၊ မိမိ၏ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်က ဆောင်ရွက်ရာတွင်ဖြစ်စေ ကုန်စည်များ ပျက်စီးမှု၊ ဆုံးရှုံးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုကြောင့် ပျက်စီးမှု၊ ဆုံးရှုံးမှုအတွက် မိမိကိုယ်တိုင် တွင်သော်လည်းကောင်း၊ မိမိ၏ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်တွင်သော်လည်းကောင်း တာဝန်မရှိကြောင်း သက်သေအထောက်အထား မတင်ပြနိုင်လျှင် ယင်းပျက်စီးဆုံးရှုံးမှုအတွက် တာဝန်ရှိစေရမည်။

(ခ) ကုန်စည်လွှဲပြောင်းပို့ရမည့်အချိန်ကာလနှင့်စပ်လျဉ်း၍ ကုန်စည်အပ်နှံသူက ကြေညာခြင်းမပြုဘဲ ကုန်စည်ကို လက်ခံခဲ့ခြင်းဖြစ်လျှင် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုကြောင့် ဖြစ်ပေါ်လာသည့် ပျက်စီးဆုံးရှုံးမှုအတွက် တာဝန်မရှိစေရ။

၄၂။ ကုန်စည်ကို လက်ခံမည့်သူထံသို့ လွှဲပြောင်းပေးပို့ရန် သဘောတူထားသည့်နေ့တွင်သော်လည်းကောင်း၊ ထိုသို့သဘောတူထားခြင်းမရှိခဲ့လျှင် ကုန်စည်ကို စတင်လက်ခံသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း သော်လည်းကောင်း လက်ခံမည့်သူထံသို့ လွှဲပြောင်းပေးပို့ခြင်းမပြုနိုင်ဘဲ နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်လျှင် အခြားဆန့်ကျင်ကွဲလွဲသည့် သက်သေအထောက်အထားမရှိပါက ကုန်စည်ကို တောင်းဆိုပိုင်ခွင့်ရှိသူသည် ယင်းကုန်စည်ကို ပျောက်ဆုံးသည့်ကုန်စည်အဖြစ် မှတ်ယူ၍ ဆောင်ရွက်နိုင်သည်။

၄၃။ ပုဒ်မ ၃၈၊ ပုဒ်မ ၃၉ နှင့် ပုဒ်မ ၄၁၊ ပုဒ်မခွဲ (က) တို့တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ကုန်စည်နှင့်စပ်လျဉ်း၍ သယ်ယူပို့ဆောင်သည့်ကာလအတွင်း အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း သက်သေထင်ရှားပြနိုင်ပါက အဆိုပါကုန်စည်ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုအတွက် တာဝန်မရှိစေရ -

(က) ကုန်စည်အပ်နှံသူ၊ ကုန်စည်လက်ခံသူ သို့မဟုတ် ယင်း၏ကိုယ်စားဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်၏ ပြုလုပ်မှု သို့မဟုတ် ပေါ့ဆမှု၊

(ခ) ကုန်စည် ထုပ်ပိုးခြင်း၊ အမှတ်တံဆိပ်ပြုလုပ်ခြင်း သို့မဟုတ် ကုန်စည်နံပါတ်တပ်ခြင်းပြုလုပ်ရာတွင် မပြည့်စုံမှု သို့မဟုတ် အားနည်းချို့ယွင်းမှု၊

(ဂ) ကုန်စည် အပ်နှံသူ၊ ကုန်စည်လက်ခံသူ သို့မဟုတ် ယင်း၏ကိုယ်စားဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်က ပေါ့ဆစွာ ကုန်စည်ကိုင်တွယ်ထိန်းသိမ်းမှု၊ ကုန်စည်တင်မှု၊ ကုန်စည်ချမှု သို့မဟုတ် သိုလှောင်ထိန်းသိမ်းထားရှိမှု၊

(ဃ) ပုပ်သိုးပျက်စီးလွယ်သော ကုန်စည်ဖြစ်မှု၊ ကုန်စည်၏ ပင်ကိုသဘာဝချို့ယွင်းမှု သို့မဟုတ် မမြင်သာသော ချို့ယွင်းမှု၊

(င) သက်ဆိုင်သည့် အလုပ်သမားများ အစုအဝေးဖြင့်ဆန္ဒပြမှု၊ အလုပ်ပိတ်မှု၊ အလုပ်ရပ်နားထားမှု၊ အလုပ်ကိုလုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ မလုပ်စေရန် တားဆီးခံရမှု၊

(စ) သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှု အပါအဝင် ကြိုတင်မမျှော်မှန်းနိုင်သော အခြေအနေ ပေါ်ပေါက်မှု။

၄၄။ ကုန်စည်ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုဖြစ်ခြင်းအတွက် လျော်ကြေး သတ်မှတ်ရာ၌ ကုန်စည်လက်ခံသူသို့ ကုန်စည်လွှဲပြောင်းပေးပို့သည့်နေရာနှင့်အချိန်ကာလတို့တွင်တည်ရှိသော ကုန်စည်တန်ဖိုးကိုသော်လည်းကောင်း၊ ပဋိညာဉ်နှင့်အညီ ကုန်စည်လွှဲပြောင်းပေးပို့ရမည့်နေရာနှင့် အချိန်ကာလတို့တွင် တည်ရှိသော ကုန်စည်၏ကာလတန်ဖိုးကိုသော်လည်းကောင်း အခြေခံရမည်။

၄၅။ ကုန်စည်ကိုလျော့၍ပေးအပ်မှု သို့မဟုတ် ကုန်စည်ပျက်စီးဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ -

(က) ပြည်တွင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ပေးလျော်ရမည့်လျော်ကြေးမှာ ဤဥပဒေအရထုတ်ပြန်သည့်နည်းဥပဒေများတွင် သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

(ခ) သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းအတွက် ပေးလျော်ရမည့်လျော်ကြေးမှာ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများတွင် သတ်မှတ်ထားသည့် အများဆုံးပေးလျော်ရမည့် အထူးငွေကြေးထုတ်ယူပိုင်ခွင့်ယူနစ်ပမာဏထက် ပို၍ပေးလျော်ရန်တာဝန်မရှိစေရ။

၄၆။ ကုန်စည်လုံးဝ သို့မဟုတ် တစ်စိတ်တစ်ဒေသပျောက်ဆုံးမှုဖြစ်လျှင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် -

(က) ကုန်စည်တန်ဖိုးကြေညာလွှာပါ တန်ဖိုးငွေကိုဖြစ်စေ၊ ထိုသို့ ကြေညာထားခြင်းမရှိလျှင်ကုန်စည်လက်ခံရာနေရာရှိ ကာလတန်ဖိုးကိုဖြစ်စေ ပေးလျော်ရမည်။

(ခ) သယ်ယူပို့ဆောင်ခ၊ အကောက်ခွန်နှင့်အခြားကုန်ကျစရိတ်များအားလုံးကိုပြန်လည်ပေးလျော်ရမည်။

၄၇။ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ကုန်စည်လွှဲပြောင်းပေးပို့ရာ၌ နှောင့်နှေးကြန့်ကြာမှုရှိလျှင် ပေးလျော်ရမည့် ပမာဏမှာ သယ်ယူပို့ဆောင်ခထက် မပိုစေရ။

၄၈။ သယ်ယူပို့ဆောင်ရေးလုပ်ငန်း အမျိုးအစားအလိုက် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ခြင်းနှင့်စပ်လျဉ်း၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၊ ခရီးသည်နှင့် ကုန်စည်အပ်နှံသူတို့ လိုက်နာရမည့် တာဝန်များကို နည်းဥပဒေများဖြင့် သတ်မှတ်ရမည်။

## အခန်း (၁၀)
## အခကြေးငွေများသတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း

၄၉။ ဝန်ကြီးဌာနသည် ကောက်ခံရမည့်အောက်ပါအခကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများတွင် သတ်မှတ်ရမည် -

(က) လုပ်ငန်းလိုင်စင်ခနှင့် လုပ်ငန်းလိုင်စင်သက်တမ်း တိုးမြှင့်ခများ၊

(ခ) ခွင့်ပြုချက်အတွက် ဝန်ဆောင်မှု အခကြေးငွေများ၊

(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ အခြားအခကြေးငွေများ။

၅၀။ ဦးစီးဌာနကဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ၊ ဦးစီးဌာနကလွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ ဤဥပဒေအရ ပေးဆောင်ရမည့် အခကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူအပေါ် အခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံနိုင်သည်။

## အခန်း (၁၁)
## စီမံခန့်ခွဲရေးပြစ်ဒဏ် ချမှတ်ခြင်း

၅၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းလိုင်စင်ရရှိသူက လုပ်ငန်းလိုင်စင် စည်းကမ်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ကြောင်းတွေ့ရှိလျှင် ထိုသူအား အောက်ပါစီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ကာလသတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ယာယီရပ်ဆိုင်းခြင်း၊

(ခ) လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်း။

၅၂။ ဦးစီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ရရှိသူကဖြစ်စေ၊ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ရရှိသူ သို့မဟုတ် ခွင့်ပြုချက်ရရှိသူကဖြစ်စေ လုပ်ငန်းလိုင်စင် သို့မဟုတ် ခွင့်ပြုချက်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များပါ

တားမြစ်ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ကြောင်းတွေ့ရှိလျှင် ထိုသူအား အောက်ပါ စီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ကာလသတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ယာယီရပ်ဆိုင်းခြင်း၊

(ခ) လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်း။

၅၃။ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနသည် စီမံခန့်ခွဲရေး ပြစ်ဒဏ်များအနက် ပုဒ်မ ၅၁၊ ပုဒ်မခွဲ (က) ပါ ပြစ်ဒဏ်ကို ချမှတ်နိုင်သည်။

## အခန်း (၁၂)
## အယူခံခြင်း

၅၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေးအတွက် လုပ်ငန်းလိုင်စင်ထုတ်ပေးရန် သို့မဟုတ် လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အား ငြင်းပယ်သောအမိန့်ကို မကျေနပ်သူသည် ထိုအမိန့်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၅။ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနက ပုဒ်မ ၅၃ အရ ချမှတ်သော စီမံခန့်ခွဲရေးပြစ်ဒဏ်ကို မကျေနပ်သူသည် ထိုပြစ်ဒဏ်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၆။ ပုဒ်မ ၅၄ နှင့် ပုဒ်မ ၅၅ အရ အယူခံမှုတွင် ဝန်ကြီးဌာနသည် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၇။ ဦးစီးဌာနက ပုဒ်မ ၅၂ အရ ချမှတ်သော စီမံခန့်ခွဲရေးပြစ်ဒဏ်ကို မကျေနပ်သူသည် ထိုပြစ်ဒဏ် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၈။ ဦးစီးဌာနက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွှန်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း အတွက်ဖြစ်စေ၊ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်ဖြစ်စေ လုပ်ငန်းလိုင်စင် ထုတ်ပေးရန် သို့မဟုတ် လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အား ငြင်းပယ်သော အမိန့်ကို မကျေနပ်သူသည် ထိုအမိန့်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်းဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၉။ ဦးစီးဌာနက ပုဒ်မ ၅၆ အရ အယူခံမှုတွင် ချမှတ်သောအမိန့်ကို မကျေနပ်သူသည် ထိုအမိန့် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၆၀။ ပုဒ်မ ၅၇၊ ပုဒ်မ ၅၈ နှင့် ပုဒ်မ ၅၉ တို့အရ အယူခံမှုတွင် ဝန်ကြီးဌာနသည် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၆၁။ အယူခံခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

## အခန်း (၁၃)
## တားမြစ်ချက်များ

၆၂။ မည်သူမျှ -

(က) နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်မရှိဘဲ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

(ခ) အခြားစာချုပ်ဝင်နိုင်ငံမှ နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကို ဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ ယာဉ်ဝင်ရောက်ခွင့်အတွက်သော်လည်းကောင်း၊ နိုင်ငံတော်မှတစ်ဆင့် ဖြတ်သန်း၍ သယ်ယူပို့ဆောင်ခွင့်အတွက်သော်လည်းကောင်း ဤဥပဒေအရထုတ်ပေးသည့် ခွင့်ပြုချက်မရှိဘဲ ပြည်တွင်းတွင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

၆၃။ မည်သူမျှ လုပ်ငန်းလိုင်စင်ကိုဖြစ်စေ၊ ခွင့်ပြုချက်ကိုဖြစ်စေ၊ ယင်းတို့နှင့်သက်ဆိုင်သည့် စာတမ်းအမှတ်အသားများကိုဖြစ်စေ -

(က) ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် အတုအပပြုလုပ်ခြင်း မပြုရ။

(ခ) သက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်နှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှအပ အခြားနေရာများတွင် အသုံးမပြုရ။

၆၄။ မည်သည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူမျှ နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ဝင်ရောက်သည့် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်အား ခိုင်လုံသော အကြောင်းမရှိဘဲ -

(က) ပြည်တွင်းတွင် သယ်ယူပို့ဆောင်ရမည့် သတ်မှတ်ထားသော လမ်းကြောင်းနှင့် ခရီးစဉ်အတိုင်း မဟုတ်ဘဲ ပြောင်းလဲ၍ ပြေးဆွဲခြင်း မပြုရ။

(ခ) သတ်မှတ်ထားသည့် ထွက်ခွာချိန်ထက် နောက်ကျ၍ ထွက်ခွာခြင်းမပြုရ။

၆၅။ မည်သူမျှ လုပ်ငန်းလိုင်စင် မရှိဘဲ -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

၆၆။ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းများမှ တစ်ပါး လုပ်ငန်းလိုင်စင်ကို ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်မရဘဲ လွှဲပြောင်းခြင်းမပြုရ။

၆၇။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် ဖျားနာသူများ၊ ဒဏ်ရာရသူများ သို့မဟုတ် သေဆုံးသူများကို သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်ဖြင့် အရေးပေါ်သယ်ယူပို့ဆောင်ခြင်း၊ ဘေးအန္တရာယ်ကျရောက်သူများအား အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ အရေးပေါ်ကူညီကယ်ဆယ်ရေးအတွက် အစားအစာများ၊ ဆေးဝါးများနှင့် ပစ္စည်းကိရိယာများကို ထောက်ပံ့ကူညီခြင်းတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ။

## အခန်း (၁၄)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၆၈။ မည်သူမဆို ပုဒ်မ ၆၂ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၉။ မည်သူမဆို ပုဒ်မ ၆၃ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၀။ မည်သူမဆို ပုဒ်မ ၆၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ခုနစ်သိန်းမှ အများဆုံး ကျပ်သိန်း ၇၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၁။ မည်သူမဆို ပုဒ်မ ၆၅၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ငါးသိန်းမှ အများဆုံး ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၂။ မည်သူမဆို ပုဒ်မ ၆၅၊ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ခုနစ်သိန်းမှ အများဆုံးကျပ်သိန်း ၇၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၃။ မည်သူမဆို ပုဒ်မ ၆၆ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်နှစ်သိန်းမှ အများဆုံး ကျပ်သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၅)
## စီရင်ပိုင်ခွင့်အာဏာ

၇၄။ နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ရာတွင် ကုန်စည်ပျက်စီး ဆုံးရှုံးခြင်း၊ နှောင့်နှေးကြန့်ကြာမှုဖြစ်ခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းအတွက် လျော်ကြေးတောင်းဆိုခြင်းနှင့် စပ်လျဉ်း၍ တရားလို၏ဆန္ဒအရ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံ၏ အောက်ဖော်ပြပါ နေရာဒေသတစ်ခုခုရှိ စီရင်ပိုင်ခွင့်ရှိသော တရားရုံးတွင် တရားစွဲဆိုပိုင်ခွင့်ရှိသည် -

(က) ကုန်စည် စတင်သယ်ဆောင်သည့်နေရာဒေသ သို့မဟုတ် သွားရောက်သည့်ခရီးစဉ်အဆုံးနေရာဒေသ၊

(ခ) ကုန်စည်ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကို သိရှိလျှင် ထိုသို့သိရှိသည့်နေရာဒေသ၊

(ဂ) သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၏ အဓိကပင်မစီးပွားရေးလုပ်ငန်းတည်ရှိရာနေရာဒေသ၊

(ဃ) လျော်ကြေးတောင်းဆိုသည့် တရားလို အမြဲတမ်းနေထိုင်သည့်နေရာဒေသ၊

(င) ပုဒ်မခွဲ (က) မှ (ဃ) အထိပါရှိသော နေရာဒေသတစ်ခုခုအနက် တရားလိုနှင့် တရားပြိုင်တို့နှစ်ဦး သဘောတူသည့်နေရာဒေသ။

၇၅။ နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ရာတွင် ကုန်စည်ပျက်စီးခြင်း၊ ဆုံးရှုံးခြင်း၊ နှောင့်နှေးကြန့်ကြာမှုဖြစ်ခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းအတွက် လျော်ကြေးတောင်းဆိုရာတွင် ပေါ်ပေါက်လာသည့် အငြင်းပွားမှုကို အနုညာတခုံသမာဓိဖြင့် ဖြေရှင်းခြင်းကို တရားလိုနှင့်တရားပြိုင်တို့နှစ်ဦး သဘောတူလျှင် ပုဒ်မ ၇၄ ပါ နေရာဒေသတစ်ခုခုတွင် အနုညာတခုံသမာဓိဖြင့် ဖြေရှင်းနိုင်သည်။

## အခန်း (၁၆)
## အထွေထွေ

၇၆။ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ဤဥပဒေအရ နစ်နာဆုံးရှုံးမှု တစ်ခုခုအတွက် အကြောင်းကြားစာ ပေးပို့ခြင်း၊ တရားရုံးနှင့် အနုညာတခုံသမာဓိရုံးတို့တွင် တရားစွဲဆိုခြင်း၊ တင်ပြတောင်းဆိုခြင်း၊ လျှောက်ထားခြင်းနှင့် ကာလစည်းကမ်းသတ်တို့နှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ တစ်ရပ်ရပ်ဖြင့် သီးခြားထုတ်ပြန်၍ သတ်မှတ်ထားသည့်အတိုင်း ဖြစ်စေရမည်။ ထိုသို့ သတ်မှတ်ထားခြင်း မရှိလျှင် တည်ဆဲဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရမည်။

